မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၃၈)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်အထက်လွှတ်တော်အမတ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အမေရိကန်အထက်လွှတ်တော်အမတ် Hon. Susan M. Collins ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး အမေရိကန်အထက်လွှတ်တော်အမတ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston တက်ရောက်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမေရိကန်အထက်လွှတ်တော်အမတ် Hon. Susan M. Collins ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆွေးနွေး

တွေ့ဆုံရာ၌ နှစ်နိုင်ငံအကြား ပွင့်လင်းမြင်သာပြီး ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးများ ပိုမိုကောင်းမွန်ခိုင်မြဲစေရေး၊ ပြည်တွင်းငြိမ်းချမ်းရေး ဖြစ်ပေါ်တိုးတက်မှုများနှင့် နိုင်ငံရေးအရ ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များ အောင်မြင်စွာဆောင်ရွက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလာရောက်နိုင်ရန်အတွက် စီးပွားရေးပိတ်ဆို့မှုများ အပြီးတိုင်လျှော့ချပေးရေး ကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဂျာမနီနိုင်ငံ ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအော်တိုစွမ်လ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၅ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

အမြင်ချင်းဖလှယ်

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ရင်းနှီးမြှုပ်နှံမှုများနှင့် နည်းပညာများရရှိရန် ကူညီပံ့ပိုးပေးရေး၊ အဂတိလိုက်စားမှုပပျောက်ရေး၊ ကျွမ်းကျင်လုပ်သားထုတစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် လေ့ကျင့်သင်ကြားပေးရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု ဘာသာစကားကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ နိုင်ငံတော်သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျာမနီနိုင်ငံ သံအမတ်ကြီး H. E. Christian-Ludwig Weber-Lortsch တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဂျာမနီနိုင်ငံ ဂျာမန်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာအော်တိုစွမ်လ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော် (၂၀၁၂ ခုနှစ် မေ ၂၀ ရက်)

ဉာဏ်အသိတစ်လုံး အစဉ်သုံးပါလျှင်

လူရယ်လို့ဖြစ်လာကြပြီဆိုလျှင် အသိတရားသည် အရေးကြီး၏။ အသိမရှိလျှင်မကောင်း။ အသိမပါသည့် အပြုအမူအပြောအဆို၊ အလုပ်အကိုင်ဟူသမျှသည် မျက်ကန်းလမ်းလျှောက်သကဲ့သို့ အမှားမှားအယွင်းယွင်း ဖြစ်နိုင်၏။ အသိတရားနှင့် သတိထားနိုင်မှ ပကတိအရှိတရားကို ထိုးဖောက်မြင်နိုင်စွမ်းရှိပေမည်။ ထို့ကြောင့် အသိရှိဖို့လိုပေသည်။

အသိသည် သာမန်အသိနှင့် ဉာဏ်အသိဟူ၍ နှစ်မျိုးရှိ၏။ မွေးကတည်းကပါလာသော အသိသည် သာမန်အသိဖြစ်၏။ ဉာဏ်အသိသည် စဉ်းစားတွေးခေါ်မှုပါသောအသိဖြစ်၏။ သာမန်အသိနှင့် ဉာဏ်အသိကား မတူ။ ကွာခြားမှုရှိ၏။ သာမန်အသိသည် ဘဝအခက်အခဲများကို မကျော်လွှားနိုင်။ ဉာဏ်အသိရှိပါလျှင် ဘဝအခက်အခဲများကို ကျော်လွှားနိုင်၏။ ထိုဉာဏ်အသိဖြင့်ပင်လျှင် မဂ်ပေါက်၊ ဖိုလ်ပေါက်၊ နိဗ္ဗာန်ရောက်နိုင်သေးသည်ဟု ဆရာတော်၊ သံဃာတော်များက ဟောကြားလေ့ရှိ၏။ ထို့ကြောင့် ဉာဏ်အသိရှိဖို့လို၏။

ထိုဉာဏ်အသိသည်ပင်လျှင် မှန်ကန်သောဉာဏ်အသိဖြစ်ဖို့ လိုသေးသည်။ သမ္မာသတိအမှန်ရှိမှသာ လောကအလင်းကို ရနိုင်၏။ ကောင်းမကောင်း၊ သင့်မသင့်၊ မှန်မမှန်၊ ဟုတ်မဟုတ်၊ တော်မတော် စသည်ဖြင့် မှန်ကန်သော ဉာဏ်အသိကသာလျှင် ကောင်းဆိုးနှစ်တန်ကို ဝေဖန်ပိုင်းခြားနိုင်၏။ လောကကောင်းကျိုးကို သယ်ပိုးနိုင်၏။

ပုထုဇဉ်လူသားအများစုသည် အလိုရမ္မက်ရှိကြ၏။ အလိုရမ္မက်သည် အတန်အသင့်ဆိုလျှင် ကောင်း၏။ အလိုရမ္မက်ကြီးလွန်းလျှင် မကောင်းပေ။ အလိုရမ္မက်ကြီးလွန်းလျှင် အမှန်ကို အမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း မြင်နိုင်သည့်ဉာဏ်အသိ ကွယ်ပျောက်တတ်၏။ ထိုအခါ မိမိစိတ်ကို ပြန်လည်ထိန်းကျောင်း တည့်မတ်ပေးနိုင်သည့်အရာသည် မှန်ကန်သောဉာဏ်အသိပင်ဖြစ်၏။ မိမိပြုမူ ပြောဆိုလုပ်ကိုင်သည့် အရာအားလုံးသည် သင့်တော်ပါ၏လော၊ မှန်ကန်ပါ၏လော၊ ဖြစ်သင့်ပါ၏လော စသည်ဖြင့် စဉ်းစားဆင်ခြင်သင့်၏။ ဆင်ခြင်တုံတရား ဉာဏ်အသိ ကင်းမဲ့သမျှကာလပတ်လုံး အမှားများကိုသာ ဆက်ကာဆက်ကာ ပြုမိနေပေလိမ့်မည်။

မရသင့်သည့်အရာကို ရလိုခြင်း၊ မပြောသင့်သည့်စကားကို ပြောမိခြင်း၊ မလုပ်သင့်သည့်အရာကို လုပ်မိခြင်း၊ မတောင်းဆိုသင့်သည့်အရာကို တောင်းဆိုခြင်းတို့သည်ကား ပင်ပန်းလွန်းလှ၏။ ကောင်းကင်မှ လစန္ဒာကိုရလိုကြောင်း တစာစာငိုကြွေးတောင်းဆိုသည့် ကလေးသူငယ်၏အဖြစ်သည် ပင်ပန်းလွန်းလှ၏။ မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်ရာ ရောက်၏။ မှန်ကန်သော ဉာဏ်အသိဖြင့် ဆင်ခြင်သုံးသပ်နိုင်မှ ဘဝအေးချမ်းနိုင်၏။

ပုထုဇဉ်လူသားတိုင်းသည် လောဘ၊ ဒေါသ၊ မောဟ အနည်းနှင့်အများရှိ၏။ အမှားအယွင်းများ ရှိတတ်ကြ၏။ အမှားကင်းသူဟူ၍ မရှိကြ။ အနည်းနှင့်အများ ရှိတတ်ကြ၏။ ထိုအခါ မိမိကိုယ်ကို ပြန်လည်တည့်မတ်ထိန်းကျောင်းပေးရ၏။ မှန်ကန်သောဉာဏ်အသိဖြင့် တည့်မတ်ပေးကြရ၏။ ထို့ကြောင့် လူတိုင်း လူတိုင်းသည် လောကီမှသာမက လောကုတ္တရာအထိ အကျိုးပေးနိုင်သည့် ဉာဏ်အသိတစ်လုံးကို အစဉ်သုံးသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ပုသိမ်၌လှူဒါန်း

ပုသိမ် မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁၂) အခြေခံပညာမူလတန်းကျောင်း(ပါတလိ)တွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာနနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ပေးအပ်လှူဒါန်းသော ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာလှူဒါန်းပွဲအခမ်းအနားကို မေ ၂၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီးဦးမြတ်သွင်က လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။**(အောက်ပုံ)** ဆက်လက်၍ ပညာရေးဝန်ကြီးဌာနမှပံ့ပိုးပေးအပ်သော ကျောင်းသားတစ်ဦးလျှင် ကျောင်းသုံးစာအုပ်နှင့်ဗလာစာအုပ် ခြောက်အုပ်စီ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ကျောင်းရန်ပုံငွေဖြင့်ပံ့ပိုးသော ကျောင်းသားတစ်ဦးလျှင် ဗလာစာအုပ်တစ်ဒါဇင်နှင့် ကျောင်းသုံးစာရေးကိရိယာများပေးအပ်သည်။ ကျောင်းရန်ပုံငွေမှ ပေးအပ်သော စာအုပ်နှင့်စာရေးကိရိယာအတွက် စုစုပေါင်းတန်ဖိုးငွေကျပ် နှစ်သိန်းသုံးသောင်းကျော် ဖြစ်ကြောင်း သိရှိရသည်။ **(ပညာရေး)**

အဟောင်းအသစ် ဆက်ရောင်းရသည့် အစေ့ထုတ်ပြောင်းဈေးကွက် သွက်လက်

လားရှိုး မေ ၂၉

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့က အစေ့ထုတ်ပြောင်းဈေးကွက်တွင် အစေ့ထုတ်ပြောင်း အဟောင်းနှင့်အသစ် ဆက်ရောင်းနေရကြောင်း လားရှိုး လက်ကားကုန်စည်ဒိုင်မှ ပြောင်းကုန်သည်တစ်ဦးက ပြောပြသည်။

ယခုနှစ်ထွက်သည့် အစေ့ထုတ်ပြောင်း ဈေးကွက်ဈေးစဖွင့်သော ကာလတွင် တစ်ကီလိုငွေကျပ် ၃၅၀ ဖြင့် ဖွင့်ဈေးရှိခဲ့သည်။ ပြောင်းစိုက်တောင်သူများက ဈေးကောင်းရမည့်အချိန်ကို စောင့်ပြီး ရာသီကုန်ခါနီးတွင် ထုတ်ရောင်းကြသည်။ ယခုကဲ့သို့ စောင့်ရောင်းကြခြင်းကလည်း ယခင်နှစ် ပြောင်းဈေးကွက်ကုန်ချိန်တွင် တစ်ကီလို ငွေကျပ် ၃၉၅ အထိ ဈေးကောင်း ရလိုက်ကြသောကြောင့်ဖြစ်သည်။

အစေ့ထုတ်ပြောင်းစိုက် တောင်သူများသည် တပေါင်းလကတည်းက တောင်ယာခုတ်ထွင်ကြပြီး မိုးလေး တစ်ဖြိုက်နှစ်ဖြိုက်ကျလာပါက စပြီးစိုက်ကြသည်။ ရာသီပြောင်းကို တော်သလင်းလလောက်တွင် ခူးကာ အစေ့ခြွေ အခြောက်လှန်းပြီး ရောင်းကြသူများရှိသကဲ့သို့ အခြောက်ခံစက်ပေါ်တင်ပြီးမှ ရောင်းသူများလည်း ရှိကြသည်။ အခြောက်ခံစက်ပေါ် တင်သော ပြောင်းစေ့ကအရောင်လှပြီး အလုံးလှ၍ ရောင်းပန်းလှကာ ဈေးကောင်းရလိုက်သည့် တောင်သူတွေရှိကြသည်။

တန့်ယန်း၊ မိုင်းရယ်၊ နမ့်ပေါင်ကျေးရွာများမှ ပြောင်းစိုက်တောင်သူများသည် စောစောစိုက်ကြသည်။ ၎င်းတောင်သူများက လက်ကျန်ပြောင်းအကုန်တွင် ပြောင်းအသစ်ကို ဈေးကွက်တင်နိုင်ကြသည်။ ထို့ကြောင့် အစေ့ထုတ်ပြောင်း အဟောင်းနှင့်အသစ်သည် ပြောင်းရာသီကုန်ချိန်တွင် ဆက်သွားကြပြီး ယနေ့နံနက် အစေ့ထုတ်ပြောင်း တစ်ကီလိုကို ငွေကျပ် ၃၉၅ကျပ်နှင့် ပိတ်ဈေးဖြစ်သလို ဖွင့်ဈေးလည်းဖြစ်ကာ အဟောင်းအသစ် ဆက်သွားကြောင်း ပြောင်းကုန်သည်တစ်ဦးထံမှ ကြားသိခဲ့ရသည်။ **(မမ-လားရှိုး)**

တိုင်းဒေသကြီး/ခရိုင်/မြို့နယ် စာရင်းစစ်အရာရှိများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် မေ ၂၉

တနင်္သာရီတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်စာရင်းစစ်အရာရှိများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မေ ၂၅ ရက် နံနက် ၇ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် စာရင်းစစ်အရာရှိများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုန်သည်/စက်မှုအသင်းချုပ်နှင့် တရုတ်ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးအောင်လွင်၊ ဦးထွန်းအောင်၊ ဗဟိုအလုပ်အမှုဆောင် ဦးမောင်မောင်ဆွေ၊ ဦးကျော်သိန်းတို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ China NGO Network for International Exchanges မှ Mr. You Jianhua ဦးဆောင်၍ အဖွဲ့ဝင်ငါးဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် မေ ၂၆ ရက် မွန်းလွဲ ၂ နာရီက အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်၏ စီးပွားရေး၊ နိုင်ငံရေးပြုပြင်ပြောင်းလဲတိုးတက်နေမှုများ၊ အသင်းချုပ်မှ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုပါ အခွင့်အလမ်းများကိစ္စ၊ အသင်းချုပ် Human Resource Department ဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် သင်တန်းများ၊ လေ့လာရေးနှင့် လေ့ကျင့်ရေးသင်တန်းများစေလွှတ်နေခြင်းကိစ္စ၊ တရုတ်နိုင်ငံသို့လည်း သင်တန်းနှင့် လေ့လာရေးခရီးများ စေလွှတ်ရေးကိစ္စ၊ နှစ်စဉ် တရုတ်ကုန်စည်ပြပွဲများသို့ အသင်းချုပ်မှ သွားရောက်ပြသနေခြင်းကိစ္စ၊ ၂၀၁၃ ခုနှစ်တွင် တရုတ်နိုင်ငံ၌ ကျင်းပမည့် Economic Cooperation Seminar အား အသင်းချုပ်မှ တက်ရောက်ရန် ဖိတ်ကြားခြင်းကိစ္စ၊ အသင်းချုပ်နှင့် အပြန်အလှန် နားလည်မှုစာချွန်လွှာရေးထိုးလိုသည့်ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

ရွှေဝါငါးကြင်းငါးသန်များ အခမဲ့ပေးအပ်

ဖျာပုံ မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏အနီးကပ်ကြီးကြပ်မှုဖြင့် ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အထောက်အကူဖြစ်စေရန်ရည်ရွယ်ကာ ဖျာပုံမြို့နယ် သလိပ်ကြီးကျေးရွာအုပ်စု ဖိုးစွာကျေးရွာတွင် ၄ပေ × ၆ပေ ကန်ငယ်များနှင့် တစ်ဧကအောက် ငါးမွေးမြူသော ငါးကန်ပိုင်ရှင် ၃၅ ဦးအား ရွှေဝါငါးကြင်း ငါးသန်ကောင်ရေ နှစ်သောင်းကျော်ကို မေ ၂၃ ရက် နံနက် ၈ နာရီက အခမဲ့ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)** အဆိုပါ အခမ်းအနားသို့ ဖျာပုံခရိုင် ငါးလုပ်ဦးစီးဌာနမှူး ဦးသက်အေးနှင့် ဝန်ထမ်းများ၊ ဖျာပုံ ငါးလုပ်ငန်းသင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ဝန်ထမ်းများ၊ ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့(N.A.G)မှ ဝန်ထမ်းများနှင့် ရေလုပ်သားငယ်များ၊ သလိပ်ကြီးကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာနေပြည်သူများတက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၆၇)**

ဝါတာပိုလိုပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံ၌ ၂၀၁၃ ခုနှစ်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ဝါတာပိုလို အားကစားနည်း ပါဝင်မည်ဖြစ်သည်။ ပြိုင်ပွဲတွင် မြန်မာအသင်း ပါဝင်ယှဉ်ပြိုင်အနိုင်ရရေး၊ ဝါတာပိုလို အားကစားနည်း မြန်မာနိုင်ငံ၌ ကျယ်ပြန့်လာပြီး ထူးချွန်သော မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရေးတို့အတွက် နိုင်ငံ့လက်ရွေးစင်အားကစားသမားများ ရွေးချယ်လေ့ကျင့်လျက်ရှိရာ ဝါတာပိုလိုပြိုင်ပွဲကို ဇွန် ၂၃၊ ၂၄၊ ၂၅ ရက်တို့တွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် နံနက် ၈ နာရီခွဲမှ ၁၀ နာရီခွဲအထိ ကျင်းပသွားမည် ဖြစ်သည်။

ပြိုင်ပွဲတွင် ပထမဆု ငွေကျပ်၁၅သိန်း၊ ဒုတိယဆု ငွေကျပ်၁၀ သိန်း၊ တတိယဆု ငွေကျပ်ငါးသိန်းနှင့် အကောင်းဆုံး အားကစားသမားဆု ငွေကျပ်တစ်သိန်း ငါးသောင်း ချီးမြှင့်မည်ဖြစ်သည်။ အသင်းတစ်သင်းလျှင် အုပ်ချုပ်သူတစ်ဦး၊ နည်းပြတစ်ဦး၊ အားကစားသမား ၁၃ ဦး စုစုပေါင်း ၁၅ ဦးထက် မပိုသော အမည်စာရင်းကို မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမျိုးဝဏ္ဏထွန်း ဖုန်း-၀၉-၈၃၀၀၃၈၄၊ အမျိုးသားရေကူးကန် ဖုန်း-၀၁၃၇၈၅၅၀ နှင့် ကုက္ကိုင်းရေကူးအသင်း အတွင်းရေးမှူး ဦးချိုမောင် ဖုန်း-၀၉-၅၀၅၀၄၀၇၊ ၀၁-၅၄၂၇၄၉ တို့သို့ နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ဇွန် ၁၅ ရက်နောက်ဆုံးထား၍ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြကြောင်း သိရသည်။ **(တင်ဇော်ထွန်း)**

ရွှေပြည်သာ၌ အထက်တန်းကျောင်းခွဲ ဆိုင်းဘုတ်တင်

ရန်ကုန် မေ ၂၉

၂၀၁၂-၂၀၁၃ပညာသင်နှစ် ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အလက(၃)၏ တိုးမြှင့် အခြေခံပညာ အထက်တန်းကျောင်းခွဲသစ် ဆိုင်းဘုတ်တင်အခမ်းအနားနှင့် ကျောင်းအပ်နှံရေး အခမ်းအနားတို့ကို မေ ၂၈ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ရှေးဦးစွာ အထက်တန်းကျောင်းခွဲသစ် ဆိုင်းဘုတ်ကို မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဦး၊ ကျောင်းအုပ်ဆရာကြီး ဦးသက်မြင့်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)** ယင်းနောက် ကျောင်းအပ်နှံရေး အခမ်းအနားကို ဆက်လက်ကျင်းပရာ အလှူရှင်များလှူဒါန်းသော လွယ်အိတ်နှင့်စာရေးကိရိယာ၊ ဗလာစာအုပ်များကို ချို့တဲ့သော ကလေးငယ် ၁၅ ဦးအား ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(၁၆၆)**

မြဝတီရုပ်မြင်သံကြား

၂၀-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၁၀ တရားတော်
၇း၄၀ သာယာသီကြွေးခေတ်ဆန်းတေး
၈း၁၅ ဇာတ်လမ်းတို

ညပိုင်း

၄း၃၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၄၀ ရှေးဟောင်းသုတ
၅း၂၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
အမေ့အပြုံး (အပိုင်း -၇)
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
ကြယ်စင်နိမိတ်နှင့်သက်ကယ်ဓား
(အပိုင်း-၃)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- နိုင်ငံတကာသတင်း
- မိုးလေဝသသတင်း
- ရယ်စရာပျော်စရာဟာသကမ္ဘာ
- အိုင်စီတီသုတ
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
အရိုက်အရာ
(အပိုင်း-၁၈)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စီးပွားရေး အကြီးတန်းအကြံပေး Mr. Gabriel Adler နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စီးပွားရေးအကြီးတန်းအကြံပေးနှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၉

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား အမေရိကန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးနှင့် စီးပွားရေး အကြီးတန်းအကြံပေး Mr. Gabriel Adler နှင့် အဖွဲ့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ကော်မတီဆောင်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

မေးမြန်းဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ နိုင်ငံတကာဆက်ဆံရေး ကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးသန်းထွန်းတို့ တက်ရောက်ခဲ့ပြီး ပြည်သူ့လွှတ်တော် အနေနှင့် လတ်တလော ဆောင်ရွက်လျက်ရှိသော ဥပဒေပြုရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ မေးမြန်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းပြီးစီးရေး အရှိန်အဟုန်မပျက်ဆောင်ရွက် ငွေကြေးပစ္စည်းများ လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျ စစ်ဆေးကြပ်မတ်

နေပြည်တော် မေ ၂၉

နိုင်ငံတော်အတွက် လက်ငင်းလိုအပ်ချက် ဖြစ်နေသော လျှပ်စစ်ဓာတ်အား လိုအပ်ချက်နှင့် စိုက်ပျိုးရေအထောက်အကူပြုမည့် မြစ်သာ ရေလှောင်တမံ ဘက်စုံစီမံကိန်း ကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပြီးစီးရေးအတွက် အရှိန်အဟုန်မပျက် ကြိုးစားဆောင်ရွက်သွားကြရန်၊ အရည်အသွေးပိုင်းအား အထူးဦးစားပေးပြီး Quality Control ကို စစ်ဆေးကြပ်မတ်မှုများကို အလေးထားဆောင်ရွက်ကြရန်နှင့် တည်ဆောက်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ ငွေကြေးပစ္စည်းများဆုံးရှုံးမှု၊ အလေအလွင့် မရှိစေရေး စနစ်တကျ စစ်ဆေးကြပ်မတ် အကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စည်းဝေးပွဲခန်းမ၌ ကျင်းပသည့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့အနီးရှိ မြစ်သာရေလှောင်တမံနှင့်ရေအားလျှပ်စစ် ဘက်စုံစီမံကိန်းတည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းစည်းဝေးပွဲနှင့် မြစ်သာစံပြမြို့သစ် တည်ဆောက် အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြစ်သာစံပြမြို့သစ် တည်ဆောက်ရေးလုပ်ငန်းကို နိုင်ငံတော်၏ စေတနာအား ဒေသနေပြည်သူများ လက်တွေ့ ထိထိရောက်ရောက် လျှင်မြန်စွာခံစားရရှိနိုင်ရေးအတွက် ပါဝင်တည်ဆောက်ကြမည့် ကုမ္ပဏီများအနေဖြင့် ကဏ္ဍအလိုက် အရည်အသွေးပိုင်းကို ဦးစားပေးပြီး အကောင်အထည်ဖော်ရန်၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေ ရရှိရေး အပါအဝင် ရေရှည်တည်တံ့ခိုင်မြဲမည့် စီးပွားရေးလုပ်ငန်းများ ပါဝင်အောင် အကောင်အထည်ဖော်ပေးရန် လိုအပ်ကြောင်း။

စနစ်တကျ မြို့အင်္ဂါရပ်များနှင့် ညီညွတ်အောင် အကွက်ချပုံစံနှင့် အိမ်တစ်အိမ်လျှင် ပေ ၁၀၀ ပတ်လည်၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းလျှင် သုံးဧကပတ်လည်အကျယ်အဝန်းဖြင့် စနစ်တကျ ရေးဆွဲအကောင်အထည်ဖော်ရန်၊ မြို့သစ်လုပ်ငန်းများအားလုံး ၂၀၁၂ ခုနှစ် ဒီဇင်ဘာလအပြီး တစ်ချိန်တည်း တစ်ပြိုင်တည်း တည်ဆောက် အကောင်အထည်ဖော် ကြရမည်ဖြစ်ကြောင်း၊ စံနမူနာပြ မြို့သစ် အင်္ဂါရပ်နှင့်အညီ ပြည့်စုံညီညွတ်စေရေး သောက်သုံးရေနှင့် လျှပ်စစ်မီးအပါအဝင် ဘက်စုံထောင့်စုံမှ လိုအပ်ချက်များကို စီမံအကောင်အထည်ဖော် သွားကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

အစည်းအဝေးတွင် မြစ်သာစံပြမြို့သစ် တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးခင်ဇော်က မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းအား ၂၀၀၂-၂၀၀၃ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ရာနှုန်းပြည့် အကောင်အထည်ဖော်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် ရေအားလျှပ်စစ်ဓာတ်အား ၂၀ မဂ္ဂါဝပ် စက်နှစ်လုံး တပ်ဆင်ရေးအတွက် တရုတ်နိုင်ငံ C.G.G.C ကုမ္ပဏီမှ ဓာတ်အားပေးကိရိယာများ ရောက်ရှိနေမှုများကို ရှင်းလင်းတင်ပြပြီး မြစ်သာမြို့သစ်အား စံပြမြို့သစ်အဖြစ် တည်ဆောက်အကောင်အထည်ဖော်မည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က မြစ်သာစံပြမြို့သစ် တည်ဆောက်ရေးစီမံကိန်းနှင့် ပတ်သက်၍ ၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်အကောင်အထည်ဖော်မည့် လုပ်ငန်းများကိုလည်းကောင်း၊ တည်ဆောက်ရေး လုပ်ငန်းများတွင် စက်ယန္တရားကြီးများဖြင့် လုပ်ငန်းပါဝင် ဆောင်ရွက်နေကြသော သိဏ်းကုမ္ပဏီနှင့် မြတ်အိန္ဒြေ ကုမ္ပဏီတို့မှ အုပ်ချုပ်မှု ဒါရိုက်တာများက ကုမ္ပဏီအလိုက် ပါဝင်ကြိုးပမ်း ဆောင်ရွက်နေမှုများကို လည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်အား ကမ္ဘာ့ဘဏ်၏ PEFA မစ်ရှင်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၉

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်အား ကမ္ဘာ့ဘဏ်၏ Public Expenditure and Financial Accountability (PEFA) မစ်ရှင်အဖွဲ့သည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၌ လာရောက်တွေ့ဆုံပြီး Public Expenditure and Financial Accountability အပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အခန်းကဏ္ဍ အကြောင်းများ ညှိနှိုင်းဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယစာရင်းစစ်ချုပ် ဦးမျိုးမြင့်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ယာဉ်အို ယာဉ်ဟောင်းအပ်နှံမှု လျော့နည်းလာ

သတင်းမှတ်စု–သတင်းခရီးသည်တစ်ဦး

လက်ရှိယာဉ်အို ယာဉ်ဟောင်းများ အစားထိုးလဲလှယ်ရခြင်းမှာ အိုမင်းဟောင်းနွမ်းနေပြီဖြစ်သောယာဉ်များသည် စက်သုံးဆီ ပိုမိုသုံးစွဲနေရခြင်း၊ ယာဉ်ကြံ့ခိုင်မှုစွမ်းရည်များ ကျဆင်းလာသည့်အတွက် ယာဉ်မတော်တဆမှုများ ပိုမိုဖြစ်ပွားလာခြင်း၊ စက်စွမ်းရည်ညံ့လာမှုကြောင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်နေခြင်း၊ ယာဉ်မှထွက်ပေါ်လာသော မီးခိုးငွေ့များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများဖြစ်ပေါ်လာခြင်းတို့ကြောင့် ဤစီမံချက်ကို အကောင်အထည်ဖော်ရခြင်းဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးက မြန်မာ့အလင်းနှင့် တွေ့ဆုံခိုက် ပြောကြားခဲ့ဖူးသည်။

ယာဉ်အိုယာဉ်ဟောင်း အစားထိုးအပ်နှံမှုစီမံချက်ကို ၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှစတင်ပြီး အဆင့်သုံးဆင့်ဖြင့် လက်ခံလာခဲ့ရာ ပထမအဆင့်အနေဖြင့် အနှစ် ၄၀ ကျော်၊ ဒုတိယအဆင့်အနေဖြင့် အနှစ် ၃၀ မှအနှစ် ၄၀အတွင်း၊ တတိယအဆင့်အနေဖြင့် အနှစ် ၂၀ မှ အနှစ် ၃၀ အတွင်းရှိ ကားဟောင်းများကို အက္ခရာစဉ်အလိုက် လက်ခံခဲ့သည်။

ယခုအခါ "န" အက္ခရာကားများကို မေ ၃ ရက်မှ လည်းကောင်း၊ "ပ" အက္ခရာကားများကို မေ ၂၄ ရက်မှလည်းကောင်း လက်ခံပေးလျက်ရှိနေကြောင်းကို ကညနရုံးမှ တာဝန်ရှိသူတစ်ဦးထံမှ သိခွင့်ရခဲ့သည်။

ထိုပုဂ္ဂိုလ်ကပင် "စီမံကိန်းစတင်ကာလတုန်းကဆို တစ်နေ့ကို ကားအစီးရေ ၃၀၀ မှ ၄၀၀ အတွင်း မနားတမ်းလက်ခံပေးခဲ့ရပါတယ်။ စနေရုံးပိတ်ရက်တောင် အနားမယူခဲ့ပါဘူး။ လုပ်ငန်းအဆင်ပြေဖို့ ဆောင်ရွက်ပေးခဲ့ကြပါတယ်။ အခုတော့ ၂၀၀၇ ခုနှစ် မော်ဒယ်နဲ့အထက် ကားတွေကို ပါမစ်မပါဘဲ တင်သွင်းခွင့်ပေးလာတဲ့အတွက် ကားပါမစ်ဈေးတွေ ကျဆင်းလာပြီး ကားအပ်နှံမှုတွေလဲ လျော့နည်းလာပါပြီ။ အခုဆို တစ်နေ့ ကားအစီး ၁၀၀ ဝန်းကျင်ပဲ လာအပ်ကြတော့တယ်"ဟု ပြောကြားခဲ့ပါသည်။

ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုစီမံချက်အရ စီမံချက်စတင်ကာလ၌ ကားစလစ်ဈေးမှာ ငွေကျပ် ၁၄၅ သိန်းအထိ ထိုးတက်သွားခဲ့ပြီး တတိယအဆင့် လက်ခံချိန်၌ ကားစလစ်ဈေးမှာ ငွေကျပ် ၆၅ သိန်း ဝန်းကျင်သာ ရှိတော့ကြောင်း ကားဝယ်ရောင်းလုပ်ကိုင်နေသူတစ်ဦးထံမှ သိခွင့်ရခဲ့သည်။

ယခုအခါ စီမံချက်အရ အပ်နှံပြီးသော ကားအစီးစုစုပေါင်းမှာ ငါးသောင်းတစ်ထောင်ကျော်ရှိနေပြီး ရာခိုင်နှုန်းအားဖြင့် ၆၇ ဒသမ ၇၃ ဖြစ်ကြောင်း၊ ထုတ်ပေးခဲ့သည့် နောက်ဆုံးမော်တော်ယာဉ်နံပါတ်မှာ ၄ဃ/ ၅၆၀၀ ကျော်ခဲ့ပြီဖြစ်ကြောင်း ကညနမှ တာဝန်ရှိသူတစ်ဦး၏အဆိုအရ သိခွင့်ရခဲ့သည်။

ယာဉ်အိုယာဉ်ဟောင်းအပ်နှံမှုအဆင့်သုံးဖြင့်"ပ"အက္ခရာများလက်ခံပြီးဆုံးပါက မှတ်ပုံတင်သက်တမ်း အနှစ် ၂၀ ကျော်စာရင်းဝင်ကားများကို စိစစ်လက်ခံပေးသွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကလည်း ဆိုခဲ့သည်။ ။

သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး ဓာတ်လှေကားသစ်အတွက် အလှူငွေပေးအပ်

နေပြည်တော် မေ ၂၉

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်၌ ငွေကျပ်သိန်း ၅၀၀၀ အကုန်ကျခံ တည်ဆောက်ဆဲဖြစ်သည့် ဓာတ်လှေကားသစ်အတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မေ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် အဆိုပါ စေတီတော်မြတ်ကြီးရင်ပြင်တော်၌ ကျင်းပသည်။

အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲတွင် ပိဋကတ်တိုက် ဦးစီးပဓာန နာယက ဆရာတော် သက်တော်ရှည် ဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မူလမ္မောစရိယ ဘဒ္ဒန္တဥတ္တရ၏ ကိုယ်စားညီဖြစ်သူ ဦးအုန်းမြင့် (မကွေး) နှင့် မော်လမြိုင်မြို့ ပန်းပဲတန်းရပ် အမှတ်(၉) ကျောင်းလမ်းနေ ဦးအောင်လှ-ဒေါ်မြမြမော် မိသားစု (ပဲရစ်စတိုး)တို့က ငွေကျပ် ၁၀ သိန်းစီ၊ မွန်ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်း မိသားစုက ငွေကျပ် ၃၃၀၀၀၀၊ မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်း ဆီဆုံရပ်နေ ဦးကြည်သောင်း-ဒေါ်ဌေးဌေးမြင့် မိသားစုက ငွေကျပ် သုံးသိန်းအပါအဝင် အလှူရှင်များက စုစုပေါင်း ငွေကျပ် ၃၁၁၈၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် ဘဏ္ဍာရေးမှူးတို့က လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။ **(ဝဲပုံ)**

အဆိုပါ ဓာတ်လှေကားသစ်အတွက် လှူဒါန်းလိုပါက ကျိုက်သလွံစေတီတော် ဂေါပကရုံး ဖုန်း-၀၅၇-၂၁၃၃၄၊ ဥက္ကဋ္ဌ ဦးစန်းမြင့် ဖုန်း-၀၅၇-၂၄၁၉၃ နှင့် ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၃၂၂၃၀၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသတင်းရရှိသည်။ **(မြန်မာ့အလင်း)**

MRTV-4

၃၀-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၄၀ **ချမ်းသာချင်သလား အိုလူသား** တရားတော် [ဆင်ဖြူတောင် ဆရာတော် အရှင်ဂုဏိန္ဒ]
- ၉:၄၀ ပြည်လုံးချမ်းသာအောင်တော်မူ ဆုတောင်းပြည့် စေတီတော်မြတ်ကြီး ရွှေထီးတော်တင်မင်္ဂလာ
- ၉:၅၅ တောင်ကလေးမှ ငွေရတုမော်ကွန်း
- ၁၁:၀၅ ရှမ်းပြည်(တောင်ပိုင်း) ပင်းတယ ယစကြီးကျေးရွာ ရိုးရာပလောင် တောင်တက်ပွဲ
- ၁၂:၂၅ ရန်ကုန်မြင်ကွင်းကျယ်(Ikon Mart)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ တေးသံရှင် ရဲရင့်ဝေလွင်၏ **မိုးစက်ပွင့်အကြင်နာတွေ** တေးစီးရီးမိတ်ဆက်အခမ်းအနား
- ၂:၄၅ အရည်အသွေးမြင့် Transformer များ ထုတ်လုပ်ရာ Capital Power
- ၄:၅၀ Activities in the City (Best Auto ကား အရောင်းစင်တာဖွင့်ပွဲ)
- ၇:၃၀ ရွှေနန်းတော်စိန်ရွှေရတနာဆိုင် မိသားစု၏မှတ်တိုင်များ
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၈:၅၀ Cartoon Show Time Barbie Princess Charm School
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၅၂)
- ၁၀:၂၅ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် သုခစံအိမ် (မလိခအိမ်ရာ)
- ၂:၁၅ ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် ဒီဇိုင်နာ သူရိန်မောင်မောင်
- ၂:၄၀ ဒို့တိုင်းဌာနီ ဧရာဝတီ (ပုသိမ်၊ မြောင်းမြဆန်စပါးစိုက်ပျိုးရေး လုပ်ငန်းများ)
- ၄:၅၀ ကပ်လျှူပူဇော် ကုသိုလ်ယူမယ် ဆံတော်ရှင်ကျိုက်သုတ် စေတီတော်ဝယ်

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

တရုတ်၌ အမြင့်ဆုံးဖြစ်လာမည့် ရှန်ဟိုင်းမိုးပျံတာဝါ အမြင့် ၃၀၃ မီတာကျော်အထိ ရောက်ရှိလာ

ရှန်ဟိုင်း မေ ၂၉

တရုတ်နိုင်ငံ၏ အမြင့်ဆုံးမိုးပျံအဆောက်အအုံဖြစ်လာမည့် ရှန်ဟိုင်းတာဝါတည်ဆောက်နေမှုမှာ အမြင့် ၃၀၃ ဒသမ ၅ မီတာအထိရောက်ရှိလာပြီဖြစ်ကြောင်း တရုတ်အရာရှိများက မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါရှန်ဟိုင်းတာဝါ **(ဝဲပုံ)**ကို အမြင့် ၆၃၂ မီတာဖြင့် အထပ်ပေါင်း ၁၂၁ ထပ်အထိရောက်အောင် တည်ဆောက်မည်ဖြစ်ရာ ယခုအခါ အထပ်ပေါင်း ၆၅ ထပ်အထိ ရောက်ရှိလာပြီဖြစ်သည်။ ၎င်းမိုးပျံအဆောက်အအုံကို လာမည့် ၂၀၁၅ ခုနှစ်၌ အပြီးတည်ဆောက်မည်ဖြစ်သည်။

ယင်းရှန်ဟိုင်းတာဝါ တည်ဆောက်ပြီးပါက ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံး မိုးပျံအဆောက်အအုံလည်း ဖြစ်လာမည်ဖြစ်သည်။ လက်ရှိကမ္ဘာ့အမြင့်ဆုံးအဆောက်အအုံမှာ အာရပ်စော်ဘွားများပြည်ထောင်စုရှိ ဒူဘိုင်းမြို့တွင် တည်ဆောက်ထားသော ဘာဂျေခါလီဖာ မိုးပျံအဆောက်အအုံဖြစ်သည်။

တည်ဆောက်နေ

ရှန်ဟိုင်းတာဝါကို တရုတ်နိုင်ငံရှိ ရှန်ဟိုင်းဆောက်လုပ်ရေးအုပ်စုက တည်ဆောက်နေခြင်းဖြစ်ပြီး ယခုနှစ်ကုန်၌ အမြင့် ၄၀၃ မီတာနှင့် အထပ်ပေါင်း ၈၆ ထပ်အထိပြီးစီးရေး ကြိုးစားလျက်ရှိသည်။ ယင်းအဆောက်အအုံကို ၂၀၀၈ ခုနှစ်က စတင်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဟန်ပူမြစ်အနီး မြေဧရိယာ စတုရန်းမီတာ ၃၈၂၆၀၀ ပေါ်တွင် တည်ဆောက်နေခြင်းဖြစ်သည်။ **(အင်တာနက်)**

ကနေဒါ ခရီးသည်တင်လေယာဉ် မီးခိုးများထွက်လာမှုကြောင့် အရေးပေါ်ဆင်းသက်

တိုရွန်တို မေ ၂၉

အဲကနေဒါလေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်းသည် မေ ၂၈ ရက်က ကနေဒါမှ ဂျပန်နိုင်ငံသို့ ပျံသန်းလာစဉ် လေယာဉ်အင်ဂျင်ချွတ်ယွင်းမှုကြောင့် လေဆိပ်သို့ အရေးပေါ်ပြန်လည်ဆင်းသက်ခဲ့ရကြောင်း မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆင်းသက်ခဲ့ရ

ဖြစ်ပွားမှုမှာ ခရီးသည် ၃၁၈ ဦး တင်ဆောင်ကာ ကနေဒါနိုင်ငံ ပီရာစင်နိုင်ငံတကာလေဆိပ်မှ ဂျပန်နိုင်ငံ နာရီတာလေဆိပ်သို့ မေ ၂၈ ရက် မွန်းလွဲ ၂နာရီ ၁၀ မိနစ်ခန့်က ပျံသန်းထွက်ခွာလာသော ၎င်းလေယာဉ်သည် ဝေဟင်၌ပျံသန်းနေစဉ် လေယာဉ်မှ မီးခိုးများထွက်ပေါ်လာမှုကြောင့် ပီရာစင်လေဆိပ်သို့ ပြန်လည်ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

မျက်မြင်တွေ့ရှိသူများက မြေပြင်ရှိ မော်တော်ယာဉ်အချို့ပေါ်သို့ ဝေဟင်မှ လေယာဉ်ကိုယ်ထည်သတ္တုအပိုင်းအစများ ကျဆင်းခဲ့ကြောင်း ပြောကြားခဲ့သည်။ အဲကနေဒါလေကြောင်းလိုင်းမှ ၎င်းလေယာဉ်သည် မည်သည့်ပျက်စီးမှုမျှမရှိကြောင်း ပြောဆိုခဲ့သော်လည်း အသေးစိတ်ပြောကြားမှုကို ငြင်းဆိုခဲ့သည်။

အဆိုပါခရီးသည်တင်လေယာဉ် အရေးပေါ်ဆင်းသက်ခဲ့သော်လည်း လေယာဉ်ပေါ်ရှိ ခရီးသည်တစ်ဦးမျှ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း၊ သို့သော် ၎င်းလေယာဉ် အရေးပေါ်ဆင်းသက်ရမှုနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

တောင်ကိုရီးယားမှ နျူကလီးယားစက်ရုံ ဘေးကင်းလုံခြုံမှု ရှိ၊ မရှိ အိုင်အေအီးအေစစ်ဆေး

ဆိုးလ် မေ ၂၉

တောင်ကိုရီးယားမှ ဝိုလ်ဆောင် နျူကလီးယားစက်ရုံကို လုံခြုံမှုနှင့် ဘေးကင်းမှု ရှိ၊ မရှိ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)မှ စစ်ဆေးရေးအဖွဲ့က လာရောက်စစ်ဆေးလျက်ရှိကြောင်း မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်၏ အရှေ့တောင်ဘက် ကီလိုမီတာ ၃၇၀ ခန့်အကွာ ဂေါင်ကျူမြို့အနီး တည်ဆောက်ထားသော ဝိုလ်ဆောင်နျူကလီးယားစက်ရုံ ဓာတ်ပေါင်းဖိုအမှတ် (၁)၏ အနေအထားမှာ ဘေးကင်းလုံခြုံမှု ရှိ၊ မရှိကို စစ်ဆေးနေခြင်းဖြစ်သည်။

အိုင်အေအီးအေမှအဖွဲ့ဝင် ခုနစ်ဦးပါဝင်သော စစ်ဆေးရေးအဖွဲ့သည် ၎င်းနျူကလီးယားစက်ရုံကို လာမည့်ဇွန်လ ၇ ရက်အထိ စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ပြီးခဲ့သည့်နှစ်က ဂျပန်နိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကြောင့် ဖူကူရှီးမားနျူကလီးယားစက်ရုံမှ ရေဒီယိုသတ္တိကြွရောင်ခြည်များ ဖြာထွက်ခဲ့မှုဖြစ်ပွားပြီးနောက်ပိုင်း တောင်ကိုရီးယားရှိ နျူကလီးယားစက်ရုံကို လုံခြုံမှု ရှိ၊ မရှိ စစ်ဆေးရန် ရောက်ရှိလာခြင်းဖြစ်သည်။

အသုံးပြုခဲ့

ဝိုလ်ဆောင်နျူကလီးယားစက်ရုံ၏ ဓာတ်ပေါင်းဖိုအမှတ်(၁)သည် ၁၉၈၃ခုနှစ်မှစတင်ကာ အသုံးပြုခဲ့ခြင်းဖြစ်ပြီး တောင်ကိုရီးယားနိုင်ငံ၌ ဒုတိယမြောက် သက်တမ်းအရင့်ဆုံး နျူကလီးယားစက်ရုံတစ်ရုံလည်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂၉-၅-၂၀၁၂

တင်မောင်လွင် - စုစည်းသည်



အိန္ဒိယနိုင်ငံ ဒုံးကျည်နှစ်စင်း အောင်မြင်စွာစမ်းသပ်ပစ်လွှတ်

အိန္ဒိယနိုင်ငံက အတ်ကကျ်ရှ်အမည်ရှိ မြေပြင်မှဝေဟင်ပစ် ပြည်တွင်းဖြစ် ဒုံးကျည်နှစ်စင်းကို နိုင်ငံအရှေ့ပိုင်း ဩရိသပြည်နယ် ချန်ဒီပူဒေသမှ မေ ၂၈ ရက် နံနက်တွင် အောင်မြင်စွာစမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သတင်းရပ်ကွက်များက ပြောကြားသည်။ (အပေါ်ပုံ)

ယခုအကြိမ်ပစ်လွှတ်ခြင်းသည် အိန္ဒိယနိုင်ငံအနေဖြင့် အတ်ကကျ်ရှ်ဒုံးကျည်များ ငါးရက်အတွင်း သုံးကြိမ်မြောက်စမ်းသပ်ပစ်လွှတ်ခြင်းလည်းဖြစ်သည်။ အဆိုပါဒုံးကျည်နှစ်စင်းကို ချန်ဒီပူဒုံးကျည်စမ်းသပ်ပစ်လွှတ်ရေးစခန်းမှ ယင်းနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီခန့်က ဆက်တိုက်စမ်းသပ်ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းဒုံးကျည်များသည် ဘင်္ဂလားပင်လယ်အော် ဝေဟင်ပေါ်ပျံသန်းလာသည့် မောင်းသူမဲ့လေယာဉ်များကို ကြားဖြတ်တိုက်ခိုက်နိုင်ကြောင်း အဆိုပါသတင်းရပ်ကွက်များက ဆက်လက်ပြောကြားသည်။ အတ်ကကျ်ရှ်ဒုံးကျည်သည် အိန္ဒိယနိုင်ငံတန်ပြန်လေကြောင်းကာကွယ်ရေးစနစ်အတွက် အသုံးဝင်သော လက်နက်တစ်မျိုးဖြစ်ပြီး မောင်းသူမဲ့လေယာဉ်များ၊ ဂျက်တိုက်လေယာဉ်များကဲ့သို့သော ဝေဟင်အတွင်းရှိ ပစ်မှတ်များကို ကြားဖြတ်တိုက်ခိုက်နိုင်စွမ်းရှိသည်။ ယင်းအတ်ကကျ်ရှ်ဒုံးကျည်ကို မေ ၂၄ ရက်နှင့် ၂၆ ရက်တို့တွင်လည်း စမ်းသပ်ပစ်လွှတ်ခဲ့သည်။

- - - - - - - - - - - - - - - - - - - -

အီတလီမြောက်ပိုင်း၌ အင်အားပြင်းငလျင်လှုပ်၊ ၁၅ ဦးသေဆုံး

အီတလီနိုင်ငံမြောက်ပိုင်းရှိ အီမာလီယာဒေသအလယ်ပိုင်းတွင် မေ ၂၉ ရက် နံနက်က ရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိ အင်အာပြင်းငလျင်လှုပ်မှုကြောင့် အနည်းဆုံး လူ ၁၅ ဦး သေဆုံးပြီး လူအချို့ အုတ်ကျိုးအုတ်ပဲ့များအောက်တွင် ပိမိနေကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါငလျင်သည် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၉ နာရီ ၀၃ မိနစ်က ပါးမားမြို့ အရှေ့ဘက် ကီလိုမီတာ ၆၀ အကွာနှင့် ဘိုလော့နာမြို့မြောက်ဘက် ကီလိုမီတာ ၄၀ အကွာ မြေအောက် ၉ ဒသမ ၆ ကီလိုမီတာအနက်၌ ဗဟိုပြုလှုပ်ခတ်သွားခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။ လွန်ခဲ့သည့် ၁၀ ရက်အတွင်းကလည်း အဆိုပါနေရာတွင် အင်အားပြင်းငလျင်လှုပ်မှုကြောင့် ခုနစ်ဦး သေဆုံးပြီး အဆောက်အအုံအချို့ ပျက်စီးခဲ့သည်။ ***(အင်တာနက်)***

၂၀၁၅ ခုနှစ်တွင် ကမ္ဘာ့အကြီးဆုံး စားသုံးသူဈေးကွက်ဖြစ်ရန် တရုတ်နိုင်ငံမျှော်လင့်

ပေကျင်း မေ ၂၉

တရုတ်နိုင်ငံသည် ၂၀၁၅ ခုနှစ်အရောက်တွင် ကမ္ဘာ့အကြီးဆုံး စားသုံးသူဈေးကွက်ဖြစ်လာရန် မျှော်လင့်ကြောင်း တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ချင်တေမင်းက မေ ၂၈ ရက်တွင် ပြောကြားလိုက်သည်။

တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ချင်တေမင်းက ပေကျင်း၌ဖွင့်လှစ်သည့် ပထမအကြိမ် နိုင်ငံတကာကုန်သွယ်ရေးဝန်ဆောင်မှုကုန်စည်ပြပွဲ **(ယာပုံ)**တွင် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံ၏ စားသုံးသူများအတွက် လက်လီအရောင်းပမာဏမှာ ၂၀၁၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅ ထရီလီယံဖိုး ကျော်လွန်မည်ဖြစ်သည်။ ထိုအချိန်တွင် ကမ္ဘာလှည့်ခရီးသည်ပေါင်း ၈၈ သန်းအထိ ရောက်ရှိမည်ဟုလည်း မျှော်မှန်းထားသည်။ **(အင်တာနက်)**

ကာတာနိုင်ငံ ဒိုဟာမြို့ရှိ ရှော့ပင်းမောမီးလောင် ၁၉ ဦးသေဆုံး

ဒိုဟာ မေ ၂၉

ကာတာနိုင်ငံ ဒိုဟာမြို့ရှိ ရှော့ပင်းမောတစ်ခုတွင် မေ ၂၉ ရက် နံနက်က မီးလောင်မှုဖြစ်ပွားရာ ၁၉ ဦး သေဆုံးပြီး အခြား ၁၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကာတာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနမှ အရာရှိများက ပြောကြားသည်။

သေဆုံးသူ ၁၃ ဦးမှာ ကလေးများဖြစ်ပြီး အခြားလေးဦးမှာ ကျောင်းဆရာများဖြစ်ကြသည်။ နောက်ထပ်သေဆုံးသူနှစ်ဦးမှာ လုံခြုံရေးအစောင့်ဝန်ထမ်းများဖြစ်သည်။ ဒဏ်ရာရရှိသူများအနက် လေးဦးမှာ ကလေးများဖြစ်ကြသည်။

၎င်းရှော့ပင်းမောမှာ ဒိုဟာမြို့အနောက်ပိုင်းတွင်ရှိပြီး အဆိုပါမီးလောင်မှုကို မီးသတ်ယာဉ်များနှင့် မီးသတ်တပ်ဖွဲ့များ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် မီးမှာ ငြိမ်းသွားခဲ့သည်။ မီးလောင်မှုမည်သို့ဖြစ်ပွားရသည်ကို မီးသတ်တပ်ဖွဲ့များက စုံစမ်းစစ်ဆေးလျက်ရှိသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်အရှေ့ပိုင်း၌ နေတိုးလေယာဉ်ပျက်ကျ

ကဘူးလ် မေ ၂၉

နေတိုးလေယာဉ်တစ်စင်းသည် အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် ပျက်ကျခဲ့ကြောင်း နိုင်ငံတကာလုံခြုံရေးနှင့် အကူအညီပေးရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်) က မေ ၂၉ ရက်တွင် ကြေညာသည်။

မိမိတို့ပိုင်လေယာဉ်တစ်စင်းသည် အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းတွင် ပုံမှန်တာဝန်ဖြင့် ပျံသန်းစဉ် မေ ၂၈ ရက်က ပျက်ကျသွားကြောင်း အိုင်အက်စ်အေအက်ဖ်က သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

အဆိုပါလေယာဉ်ပျက်ကျမှုတွင် ထိခိုက်သေဆုံးမှုများရှိသည်ဟု သတင်းမရချေ။ လေယာဉ်ဝန်ထမ်းများနှင့် လိုက်ပါသူများကို အနီးရှိ အိုင်အက်စ်အေအက်ဖ်စခန်းသို့ ပို့လိုက်ရသည်။ အဆိုပါလေယာဉ်ပျက်ကျမှုသည် လက်နက်ကိုင်တို့လက်ချက် တစ်စုံတစ်ရာ ပတ်သက်ပါဝင်ခြင်းမရှိဟု ဆိုသည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ – စုစည်းသည်

ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ လီနာအနိုင်ရ

ပါရီ မေ ၂၉

ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပလျက်ရှိသော ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း ပထမအဆင့်ပြိုင်ပွဲများကို မေ ၂၉ ၌ ဆက်လက်ယှဉ်ပြိုင်ရာ လီနာက ဆိုရာနာဆာစတီရာအားအနိုင်ရရှိပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သည်။

တရုတ်တင်းနစ်မယ် လီနာ **(အပေါ်ပုံ)**သည် ရိုမေးနီးယားတင်းနစ်မယ် ဆာစတီရာအား ၆-၂၊ ၆-၁ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ လီနာနှင့် ဆာစတီရာတို့သည် ပြင်သစ်အိုးပင်းပြိုင်ပွဲ၌ ဒုတိယအကြိမ်မြောက် ပြန်လည်တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

အသက် ၃၀ အရွယ် လီနာနှင့်အသက် ၂၂ နှစ်အရွယ် ဆာစတီရာတို့သည် ပြီးခဲ့သည့်နှစ် ပြင်သစ်အိုးပင်း၌ တတိယအဆင့်ပွဲစဉ်တွင် တွေ့ဆုံခြင်းဖြစ်သည်။ ယင်းပွဲ၌ လီနာက ၆-၂၊ ၆-၂ ဖြင့် နိုင်ပွဲရရှိခဲ့သည့်အပြင် နောက်ဆုံးဗိုလ်လုပွဲ၌ အနိုင်ရဗိုလ်စွဲနိုင်ခဲ့ရာ အာရှအမျိုးသမီးတစ်ဦးအနေဖြင့် ဂရင်းဆလမ်းတင်းနစ်ပြိုင်ပွဲ၌ ပထမဆုံး အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။

အမျိုးသား တစ်ဦးချင်းပွဲစဉ်၌ ဆွစ်ဇာလန်တင်းနစ်သမား ရော်ဂျာဖက်ဒရားက ဂျာမနီတင်းနစ်သမားတိုမက်စ်ကမ်ကီအား ၆-၂၊ ၇-၅၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ထို့အတူ ဆားဘီးယားတင်းနစ်သမားဂျိုကိုဗစ်က အီတလီတင်းနစ်သမား စကာရေ့အား ၇-၆(၇-၃)၊ ၆-၃၊ ၆-၁ ဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့် တက်ရောက်သွားကြပြီဖြစ်သည်။ ထို့အပြင် တောင်အာဖရိက တင်းနစ်သမားအန်ဒါဆင်နှင့် ပေါ်တူဂီ တင်းနစ်သမား မာချာဒိုတို့ပွဲတွင် အန်ဒါဆင်က ၇-၆(၇-၂)၊ ၆-၇(၆-၈)၊ ၄-၆၊ ၆-၁၊ ၁၁-၉ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ယခုပွဲ၌ အန်ဒါဆင်သည် မာချာဒိုအား နိုင်ပွဲရရှိအောင် ခက်ခက်ခဲခဲအကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ရသည်။

တစ်ဖန် အမေရိကန်တင်းနစ်သမားဂျွန်အစ်နာနှင့်ဘရာဇီးတင်းနစ်သမား ဆီးလ်ဗားတို့ပွဲတွင် ဂျွန်အစ်နာက ၆-၃၊ ၆-၄၊ ၆-၄ ဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့်တက်ရောက်သွားခဲ့ပြီဖြစ်သည်။ **(အင်တာနက်)**

အာဖရိကပြေးခုန်ပစ်ပြိုင်ပွဲ အမျိုးသားအမြင့်ခုန်၌ မူချီဝါဗိုလ်စွဲ

ဟာရာရေး မေ ၂၉

အာဖရိကပြေးခုန်ပစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အာဖရိကပြေးခုန်ပစ်ပြိုင်ပွဲကို ဇင်ဘာဘွေနိုင်ငံ ဟာရာရေးမြို့၌ မေ ၂၉ ရက်က ဆက်လက်ကျင်းပရာ အမျိုးသားအမြင့်ခုန်ပြိုင်ပွဲ၌ ဇင်ဘာဘွေအမြင့်ခုန်ကစားသမား မူချီဝါက ရွှေတံဆိပ်ရရှိခဲ့ကြောင်း မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အသက် ၁၇ နှစ်အရွယ်ရှိ မူချီဝါသည် အလျားခုန်၊ အပြေးပြိုင်ပွဲ မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀၊ မီတာ ၁၅၀၀ နှင့် မီတာ ၃၀၀၀ တို့တွင်လည်း ရွှေတံဆိပ်ဆုများရရှိနိုင်ကြောင်း ဇင်ဘာဘွေပြေးခုန်ပစ်အဖွဲ့ချုပ်က ပြောကြားသည်။ အာဖရိကပြေးခုန်ပစ်ပြိုင်ပွဲ၌ ဇင်ဘာဘွေက စုစုပေါင်း ဆုတံဆိပ် ၄၁ ဆုရရှိရန် မျှော်မှန်းထားသည်။ ဇင်ဘာဘွေနိုင်ငံသား မူချီဝါသည် လာမည့်နှစ်တွင်ကျင်းပမည့် ကမ္ဘာ့လူငယ် ပြေးခုန်ပစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပွဲ၌ မူချီဝါသည် အောင်မြင်မှုရရှိရေးအတွက် ကြိုးတင်ပြင်ဆင်မှုများပြုလုပ်လျက်ရှိသည်။

ယခုကျင်းပသည့် ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဇင်ဘာဘွေ၊ တောင်အာဖရိက၊ မိုဇမ်ဘစ်၊ ဇမ်ဘီယာ၊ လီဆိုသို၊ ဘော့ဆွာနာ၊ နမီးဘီးယား စသည့်နိုင်ငံများ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ **(အင်တာနက်)**



ဇင်ဘာဘွေအမြင့်ခုန်ကစားသမား မူချီဝါ

ယူရို ၂၀၁၂ အတွက် စပိန်အသင်းကစားသမားစာရင်းထုတ်ပြန် ပထမဆုံးပွဲစဉ်အဖြစ် အီတလီနှင့်ယှဉ်ပြိုင်ရမည်

မက်ဒရစ် မေ ၂၉

မကြာမီကျင်းပတော့မည့် ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲအတွက် စပိန်ဘောလုံးအသင်းမှ ဘောလုံးသမား ၂၃ ဦးစာရင်းကို စပိန်နည်းပြ ဒဲလ်ဘော့က မေ ၂၈ ရက်တွင် ရွေးချယ်ထုတ်ပြန်လိုက်သည်။

*ယခုရွေးချယ်လိုက်သည့် စပိန်ဘောလုံးအသင်းတွင် ဘာစီလိုနာနှင့် ဘီလ်ဘာအိုအသင်းတို့မှ ဘောလုံးသမားများပါရှိသည်။ ၎င်းဘောလုံးသမား ၂၃ ဦးကို မေ ၂၆ ရက်က ဆားဘီးယားအသင်းနှင့် ခြေစမ်းပွဲကစားခဲ့သော စပိန်အသင်းမှ ဘောလုံးသမားအချို့လည်း ရွေးချယ်ခဲ့သည်။ **(ဝဲပုံ)**သို့သော် အင်ဒရီလိုပက်ဇ်၊ ဒေးဗစ်ဗီလာနှင့် ပူယိုးလ်တို့မှာ ဒဏ်ရာများရရှိနေသဖြင့် ထည့်သွင်းထားခြင်းမရှိကြောင်း နည်းပြဒဲလ်ဘော့က ပြောကြားသည်။ တိုက်စစ်မှူး တောရက်စ်ကိုမူ ဦးစားပေးကစားသမားအဖြစ် ထည့်သွင်းထားသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။*

ယခုရွေးချယ်ထားသော ဘောလုံးသမားစာရင်းမှာ အပြောင်းအလဲရှိနိုင်ကြောင်း၊ အကောင်းဆုံးဘောလုံးအသင်းဖြစ်အောင် စပိန်အသင်းအတွက် ရွေးချယ်မှုထပ်မံပြုလုပ်သွားမည်ဖြစ်ကြောင်း နည်းပြ ဒဲလ်ဘော့က ပြောကြားသည်။ အထူးသဖြင့် ဗီလာနှင့် ပူယိုးလ်တို့သည် စပိန်အသင်းအတွက် အားထားရသည့် ကစားသမားများဖြစ်ကြောင်း ၎င်းကပြောကြားသည်။

*ဒဲလ်ဘော့သည် ယခင်က စပိန်ဘောလုံးသမား ၂၁ ဦးကို ကနဦးရွေးချယ်ခဲ့ရာတွင် ဘာစီလိုနာနှင့် ဘီလ်ဘာအိုအသင်းတို့မှ ဘောလုံးသမားများ မပါဝင်ခဲ့ချေ။ တောရက်စ်နှင့် ဂျွန်မာတာတို့နှစ်ဦးကို ပြီးခဲ့သည့်သီတင်းနှစ်ပတ်က ထည့်သွင်းခဲ့ခြင်းဖြစ်သည်။ စပိန်အသင်းရွေးချယ်လိုက်သော ကစားသမား ၂၃ ဦးမှာ **ဂိုး-** ကာဆီးလက်စ်၊ ဗာဒက်စ်နှင့် ရေးနာတို့ဖြစ်ပြီး **နောက်တန်း-** အာဘီလိုရာ၊ ဂျွန်ဖရန်တောရက်စ်၊ ရာမို့စ်၊ ပီကေး၊ အယ်ဘီအိုလ်၊ မာတီနက်စ်နှင့် ဂျော်ဒီအယ်ဘာတို့ဖြစ်သည်။ **ကွင်းလယ်-** ဘက်ကွက်စ်၊ အလွန်ဆို၊ ဆာဗီ၊ အင်နီယေစတာ၊ ကာဇိုလာ၊ မာတာ၊ ဒေးဗစ်ဆေးလ်ဗား၊ ဖာဘရီဂတ်စ်တို့ဖြစ်ပြီး **ရှေ့တန်း-** နာဗက်စ်၊ ရိုဒရီကွက်စ်၊ လိုရန်တေး၊ တောရက်စ်၊ နက်ဂရီတိုတို့ဖြစ်ကြသည်။ ယူရို ၂၀၁၂ အကြို ခြေစမ်းပွဲများအဖြစ် စပိန်အသင်းသည် မေ ၃၀ ရက်၌ တောင်ကိုရီးယားအသင်းနှင့် ကစားမည်ဖြစ်ပြီး ဇွန် ၃ ရက်တွင် တရုတ်အသင်းနှင့် ကစားမည်ဖြစ်သည်။ စပိန်အသင်းသည် ယူရို ၂၀၁၂ ဘောလုံးပြိုင်ပွဲတွင် ပထမဆုံးပွဲစဉ်အဖြစ် ဇွန် ၁၀ ရက်၌ အီတလီအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။*

(အင်တာနက်)

မြန်မာ့အလင်း

ပြည်တွင်းအားကစား

ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၉

Royal Mingalardon Golf & Country Club က ကြီးမှူးကျင်းပသော RMGCC 3rd Anniversary Charity ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂၆ ရက်က အဆိုပါဂေါက်ကလပ်၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ည ၇ နာရီခွဲက ကျင်းပရာ RMGCC Director of Golf (PGA Golf Professional Myanmar PGA) ဦးဆန်းထွန်းက ပြိုင်ပွဲနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ပြိုင်ပွဲ၏ Nearest to the Pin ဆုကို ၇ပေ ၅ လက်မဖြင့် တင်ထွန်းကလည်းကောင်း၊ Longest Drive ဆုကို ၂၆၈ ကိုက်ဖြင့် သိန်းနိုင်စိုးကလည်းကောင်း၊ Straightest Drive (Drive အတည့်ဆုံး) ဆုကို တစ်လက်မဖြင့် ကျော်ဌေးကလည်းကောင်း ရရှိသွားသည်။

Coverse (A), (B), (C) one stick ပြိုင်ပွဲ၌ ကျော်ဌေးက ပထမ၊ သိန်းနိုင်စိုးက ဒုတိယ၊ ရဲမှူးကြီး ဇော်ဝင်း (ငြိမ်း)က တတိယရရှိသွားသည်။

ဆုချီးမြှင့်

Division (C) ပြိုင်ပွဲ၌ လှိုင်မျိုးက ပထမ၊ ခင်မောင်အောင်က ဒုတိယ၊ Mr. Precheunက တတိယရရှိကြပြီး စတုတ္ထနေရာနှင့် ပဉ္စမနေရာ ရရှိသူတို့အား ဆုများချီးမြှင့်ကြသည်။ Division (B) ပြိုင်ပွဲ၌ ဝေယံအောင်က ပထမ၊ ကောင်းထွဋ်အောင်က ဒုတိယ၊ ရဲထွန်းအောင်က တတိယရရှိကြပြီး စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမနှင့် သတ္တမနေရာရရှိသူများကိုလည်း ဆုများချီးမြှင့်ကြသည်။ Division (A) ပြိုင်ပွဲ၌ ရဲထက်အောင်က ပထမ၊ တင်ထွန်းက ဒုတိယ၊ သိန်းနိုင်စိုးက တတိယ ရရှိကြပြီး စတုတ္ထ၊ ပဉ္စမ၊ ဆဋ္ဌမနှင့် သတ္တမနေရာ ရရှိသူများကိုလည်း ဆုများချီးမြှင့်သည်။

ယင်းပြိုင်ပွဲ၌ရရှိခဲ့သော ပြိုင်ပွဲဝင်ကြေးမှငွေများကို မိဘမဲ့ကလေးများ စောင့်ရှောက်ရေး အသင်းအဖွဲ့များသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲကျင်းပ

မော်လမြိုင်ကျွန်း မေ ၂၉

မော်လမြိုင်ကျွန်းမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ကျေးရွာအုပ်စုပေါင်းစုံဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မေ ၂၄ ရက် ညနေ ၃ နာရီက မော်လမြိုင်ကျွန်းမြို့ ပြည်သူ့ဘောလုံးအားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် လှိုင်းဘုန်းကျေးရွာအုပ်စု ဘောလုံးအသင်းနှင့် ကျွန်းကြီးကျေးရွာအုပ်စု ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လှိုင်းဘုန်းကျေးရွာအုပ်စု ဘောလုံးအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက်ဆုပေးပွဲကျင်းပရာ တတိယဆုရ ဒွန်းတဘက်ကျေးရွာအုပ်စုအသင်းနှင့် ဒုတိယဆုရ ကျွန်းကြီးကျေးရွာအုပ်စုအသင်းတို့အား ဆုငွေနှင့် ဆုတံဆိပ်များချီးမြှင့်သည်။ ပထမဆုဖလားရရှိသော လှိုင်းဘုန်းကျေးရွာအုပ်စုအသင်းအား ဆုဖလားနှင့် ဆုငွေကျပ်သုံးသိန်းကို မော်လမြိုင်ကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်က ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝေလွင်နှင့် အသင်းတာဝန်ရှိသူတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(ဝဇ၅)**

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ကျပန်းစစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော Randon Chess ကျပန်းစစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂၈ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင် စစ်တုရင်အားကစားသမားများ သတ်မှတ်နေရာ၌ နေရာယူကြပြီး ဦးသာဇံ (ကွန်ပျူတာစစ်တုရင်ကော်မတီဥက္ကဋ္ဌ)က မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်သို့ အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လက်ခံပြီး နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်ပြီး Randon Chess ကျပန်းစစ်တုရင်ပြိုင်ပွဲ၏ မူလပွဲစဉ် အနေအထား ၉၆၀ မှ ပြိုင်ပွဲပထမနေ့ပွဲစဉ်အတွက် ယှဉ်ပြိုင်ကစားရမည့် ပွဲစဉ်အနေအထားတစ်ခုကို တာဝန်ရှိသူများက မဲနှိုက်၍ ရွေးချယ်ပေးသည်။

ယင်းနောက် Randon Chess ကျပန်းစစ်တုရင်ပြိုင်ပွဲ၏ ပထမဆုံးရွှေ့ကွက်ကို မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

ထို့နောက် ပထမနေ့ပြိုင်ပွဲ ပွဲစဉ်များကို စတင်ကျင်းပသည်။ အဆိုပါပြိုင်ပွဲကို မေ ၂၈ ရက်မှ ဇွန် ၅ ရက်အထိ နေ့စဉ် မွန်းလွဲ ၁ နာရီမှစတင်၍ ယင်းအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းအားကစား

တံခွန်စိုက်ဖိတ်ခေါ် ရေကူးပြိုင်ပွဲ အမျိုးသားရေကူးကန်၌ ကျင်းပမည်

ရန်ကုန် မေ ၂၉

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် အလားအလာရှိပြီး စံချိန်စံညွှန်းကောင်းသော မျိုးဆက်သစ်လူငယ် ရေကူးအားကစားသမားများ ပြုစုပျိုးထောင်ပေးရန်လည်းကောင်း၊ ဆုတံဆိပ်များ ဆွတ်ခူးနိုင်ရန် စွမ်းဆောင်ရည်မြင့်မားသော သွေးသစ်ရေကူးအားကစားသမားများ ပေါ်ထွက်စေရေးအတွက်လည်းကောင်း အဓိကရည်ရွယ်ချက်တို့ဖြင့် HARD BODY ရေကူးအသင်းနှင့် BEAUTY SHAMPO တို့က အဓိကကူညီပံ့ပိုးပြီး ကမ္ဘာ့အိုလံပစ်အားကစားနည်းဖြစ်သည့် ရေကူးအားကစားဝါသနာရှင်မိဘများကလည်း ထပ်မံကူညီပံ့ပိုးကြသော ဒုတိယအကြိမ်မြောက် HARD BODY ရေကူးအသင်း မိုးရာသီသင်တန်းအလိုက် တံခွန်စိုက်အမျိုးသား၊ အမျိုးသမီး ဖိတ်ခေါ်ရေကူးပြိုင်ပွဲကို ဇွန် ၂ ရက်နှင့် ၃ ရက်တို့တွင် မွန်းလွဲ ၁၂ နာရီခွဲမှစတင်၍ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲတွင် ထူးချွန်ရေကူးအားကစားသမားများအား ဆုကြေးထိုက်ထိုက်တန်တန်ချီးမြှင့်ကြမည်ဖြစ်သည်။

အဆိုပါရေကူးပြိုင်ပွဲ၌ အမျိုးသား၊ အမျိုးသမီးများအတွက် အလွတ်တန်းပြိုင်ပွဲကိုလည်းကောင်း၊ အသက် ၁၇ နှစ်အောက်၊ အသက် ၁၄ နှစ်အောက်၊ အသက် ၁၂ နှစ်အောက်နှင့် အသက် ၁၀ နှစ်အောက်တန်းပြိုင်ပွဲဝင် ရေကူးအားကစားသမားများအတွက် မီတာ(၂၀၀/၁၀၀/၅၀) ပက်လက်ကူးပြိုင်ပွဲ၊ ရင်ပေါင်တန်းကူးပြိုင်ပွဲ၊ လိပ်ပြာကူးပြိုင်ပွဲနှင့် မီတာ (၂၀၀) လေးမျိုးကူးပြိုင်ပွဲများကိုလည်းကောင်း၊ အသက် ရှစ်နှစ်အောက်တန်း အမျိုးသား၊ အမျိုးသမီးအတွက် မီတာ (၁၀၀/၅၀) အလွတ်တန်းကူးပြိုင်ပွဲနှင့် ပက်လက်ကူးပြိုင်ပွဲ၊ မီတာ (၅၀) ရင်ပေါင်တန်းကူးပြိုင်ပွဲနှင့် လိပ်ပြာကူးပြိုင်ပွဲများကိုလည်းကောင်း ထည့်သွင်းကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်အထက်လွှတ်တော်အမတ်တွေ့ဆုံ

နေပြည်တော် မေ ၂၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား အမေရိကန်အထက်လွှတ်တော်အမတ် Hon. Susan M. Collins ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး (ဓါတ်ပုံ) မြန်မာ-အမေရိကန် နှစ်နိုင်ငံဆက်ဆံမှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Michael E. Thurston တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်ရေး ပဋိပက္ခအဆုံးသတ်ပြီး အဖွဲ့အစည်းအားလုံး တူညီသည့်ရည်မှန်းချက်ဖြင့် ဒေသနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၂၉

ပြည်ထောင်စု ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မေ ၂၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့ရှိ ကေအင်န်ယူဆက်ဆံရေးရုံး(ကျောက်ကြီး)၌ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Torgeir Larsen နှင့်အဖွဲ့အား တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့်အတူ ပဲခူးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးဘေဘီအုန်း၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလူပလီစံလှ၊ ကေအင်န်ယူစစ်ဘက်ရေးရာကော်မတီအတွင်းရေးမှူး ဗိုလ်မှူးကြီး စောတူးတူးလေးနှင့် တာဝန်ရှိသူများ၊ ကျောက်ကြီးမြို့နယ်အတွင်းရှိ ရွှေ့ပြောင်းနေထိုင်သူ ကိုယ်စားလှယ်များ၊ ဒေသခံရပ်မိရပ်ဖများ၊ ပြည်တွင်း ပြည်ပသတင်းမီဒီယာများ တက်ရောက်ကြပြီး ဧည့်သည့်တော် ဒုတိယဝန်ကြီး Mr. Torgeir Larsen နှင့် အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး Ms. Katja Nordgaard တို့ တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်ရေးအတွက် ပဋိပက္ခများအဆုံးသတ်ရေးသည်အရေးကြီးဆုံးဖြစ်ကြောင်း၊ ပဋိပက္ခအဆုံးသတ်ပြီး အဖွဲ့အစည်းအားလုံး တူညီသည့်ရည်မှန်းချက်ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ယနေ့ ကေအင်န်ယူတပ်မဟာ(၃) နယ်မြေတွင် မိမိတို့တိုင်းရင်းသားညီအစ်ကိုများ အကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်းရွှေ့ပြောင်းနေထိုင်ကြသူများ အတွက် စနစ်တကျ နေရာချထားပေးနိုင်ရေးကို ရှေးဦးစမ်းသပ်စီမံချက်အဖြစ် ပထမဆုံးဆောင်ရွက်နိုင်ခြင်းအတွက် ဝိုင်းဝန်းကူညီပေးသော အဖွဲ့အစည်းများကိုလည်း အထူးကျေးဇူးတင်ရှိကြောင်း။

ယခုတွေ့ဆုံပွဲတွင် တည်ဆဲဥပဒေအရ မေးရာပါ နိုင်ငံသားအခွင့်အရေး ရရှိပြီးဖြစ်သည့် ညီရင်းအစ်ကို ကရင်တိုင်းရင်းသားများအတွက် အမျိုးသားမှတ်ပုံတင်ကတ်ပြားများကို တစ်ပါတည်းထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူကျောက်ကြီးဒေသအတွင်း ကျန်ရှိနေသေးသည့် တိုင်းရင်းသားများကိုပါ ဆက်လက်ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်ဒေသများရှိ အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းနေထိုင်သူများ၊ အကြောင်းအမျိုးမျိုးကြောင့် တစ်ဖက်နိုင်ငံ၌ရွှေ့ပြောင်းနေထိုင်ကြသည့် တိုင်းရင်းသားများကိုလည်း ပြန်လည်ပေါင်းစည်းရေး၊ နိုင်ငံသားပြုရေးလုပ်ငန်းများကို အဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ကတ်ပြားများထုတ်ပေးခြင်းသည် ယနေ့ဆောင်ရွက်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အသီးအပွင့်တစ်ခုကို ခံစားခွင့်ရရှိခြင်း ဖြစ်ပါကြောင်း၊ ထာဝရငြိမ်းချမ်းရေးအတွက် အားလုံးက တက်ညီလက်ညီ စုပေါင်းအားဖြင့်ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း စသည်ဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ညှိနှိုင်းဆွေးနွေး

ဆက်လက်၍ နော်ဝေနိုင်ငံမှ Mr. Charles Petrie က လုပ်ငန်းဆိုင်ရာများ ဖြည့်စွက်ပြောကြားပြီး ကေအင်န်ယူစစ်ဘက်ရေးရာ ကော်မတီအတွင်းရေးမှူးက နိုင်ငံတော်အစိုးရနှင့် ကေအင်န်ယူတို့အကြား အောင်မြင်သော ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့်ကျောက်ကြီးဒေသ၌ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ အကျိုးဖြစ်ထွန်းစေမည့်အစီအစဉ်များ ဆောင်ရွက်ပေးနိုင်ရေးအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် နော်ဝေနိုင်ငံ ဒုတိယဝန်ကြီးတို့က လိုအပ်သည်များ ထပ်မံဖြည့်စွက်ညှိနှိုင်းဆွေးနွေးဆောင်ရွက်ပေးကြသည်။

ပေးအပ်

ထို့နောက် ဒေသခံရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန ပဲခူးတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးဝင်းလွင်က ကျောက်ကြီးဒေသရှိ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ ကိုယ်စားလှယ် ၃၆ ဦးအား အမျိုးသားမှတ်ပုံတင်ကတ်ပြားများပေးအပ်သည်။

တွေ့ဆုံပွဲအပြီးတွင် သတင်းစာရှင်းလင်းပွဲကို အဆိုပါရုံး၌ ဆက်လက်ကျင်းပရာ တက်ရောက်လာကြသည့် ပြည်တွင်း/ပြည်ပသတင်းထောက်များက သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဗိုလ်မှူးကြီးစောတူးတူးလေးတို့က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်းအား ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ ဧည့်သည်နှင့်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၂၉

မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှ FIFA Chief Medical Officer Mr. Jira Dvorak (Chairman Of FIFA Medical Assessment Research Centre)နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** Mr. Jiri Dvorak က ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ "FIFA FOOTBALL FOR HEALTH " Project နှင့် ပတ်သက်၍အနောက်နိုင်ငံများ၌ တွင်ကျယ်စွာ အသုံးပြုလေ့ကျင့်နေမှုများနှင့် အရှေ့တောင်အာရှဒေသတွင်း မြန်မာနိုင်ငံတွင် ပထမဦးဆုံး အသုံးပြုခွင့်ရသည့် Project ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက သိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ FIFA Medical Committee မှ ပုဂ္ဂိုလ်များ၊ အာရှဘောလုံးအဖွဲ့ချုပ်နှင့် ထိုင်းနိုင်ငံတို့မှ ကျန်းမာရေးဆေးဘက်ဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ အားကစားဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းခြင်းအခမ်းအနား လှိုင်ကော်မြို့၌ ကျင်းပ

နေပြည်တော် မေ ၂၉

ယနေ့ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းခြင်းခံရသည်မှစ၍ မိမိတို့ စိတ်နှလုံးမှယိုဖိတ်လာသော စိတ်စေတနာ၊ နားလည်မှုနှင့် လူသားအချင်းချင်း စာနာထောက်ထားမှုတို့ကို အရင်းခံပြီး မိမိကိုယ်ကျိုးအတွက်မဟုတ်ဘဲ သူတစ်ပါးအကျိုး၊ မိမိပြည်နယ်အကျိုးကို သယ်ပိုးထမ်းဆောင်ရင်း နိုင်ငံ၏ ကျန်းမာရေးအဆင့်အတန်းကို မြင့်မားသည်ထက်မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် ယနေ့နံနက် ၉ နာရီတွင် လှိုင်ကော်မြို့၌ ကျင်းပသည့် သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၏ အမှတ်စဉ်(၁၉) ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းခြင်း အခမ်းအနား၌ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက ပြောကြားသည်။

ဆက်လက်၍ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းအုပ် ဒေါ်ယဉ်ယဉ်နွယ်က ဂျူတီကုတ်နှင့် ဦးဆောင်းအပ်နှင်းခြင်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြပြီး ပြည်နယ်ကျန်းမာရေးမှူးနှင့် တာဝန်ရှိသူများက ဂျူတီကုတ်နှင့် ဦးဆောင်းများ အပ်နှင်းပေးကြသည်။ ယင်းနောက် သင်တန်းသူများက သူနာပြုသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြပြီး သူနာပြုသင်တန်းကျောင်း၏ ပထမနှစ်ဝက်စာမေးပွဲ၊ ပထမနှစ်အတန်းတင် စာမေးပွဲနှင့် ဒုတိယနှစ် အတန်းတင်စာမေးပွဲများတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် သင်တန်းသူများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုများပေးအပ် ချီးမြှင့်ကြသည်။ လှိုင်ကော်မြို့ သူနာပြုနှင့်သားဖွားသင်တန်းကျောင်းမှ ၁၉၉၆ ခုနှစ်မှ ယနေ့အထိ သူနာပြုသင်တန်းသား ၃၂ ဦးနှင့် သင်တန်းသူ ၇၃၉ ဦးတို့အား မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။

မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ကမာရွတ်မြို့နယ် အထက(၁) သီဂီမြိုင်ခန်းမ၌ မေ ၂၅ ရက်ကကျင်းပရာ မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းအောင်က မြို့နယ်ပညာရေးကော်မတီမှ လှူဒါန်းငွေကျပ်သိန်း ၂၀ ကို မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်စန္ဒာအောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (၁၆၇)

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား မြစ်ကြီးနားမြို့၌ကျင်းပ

နေပြည်တော် မေ ၂၉

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကချင်ပြည်နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၈ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း မဥ္ဇူသကခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းက အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့၊ မြစ်ကြီးနားတက္ကသိုလ်နှင့် အလှူရှင်များက ကျောင်းဝတ်စုံများ၊ ကျောင်းသုံးဗလာစာအုပ်နှင့် ဖတ်စာအုပ်များ၊ အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျောင်းအပ်နှံနေသော ကျောင်းသား ကျောင်းသူများအား အားပေးစကားပြောကြားပြီး ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများပေးအပ်သည်။

ကချင်ပြည်နယ် ဒေသန္တရစီမံကိန်းလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာ ခင်မောင်ထွန်းက စီမံကိန်းရေးဆွဲမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကာ ပြည်နယ်ဝန်ကြီးများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် စီမံကိန်းရေးဆွဲထားမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ထိုင်းနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၂၉

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်အား ထိုင်းနိုင်ငံအခြေစိုက် Empire Asia Energy Group Co., Ltd. ဥက္ကဋ္ဌ Mr. Tongchat Hongladaromp ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် အဆိုပါ ဝန်ကြီးရုံး၌လာရောက်တွေ့ဆုံပြီး **(ဓါတ်ပုံ)** Myanmar Super Axis Program အရ ရေဝတီ တိုင်းဒေသကြီး ပုသိမ်မြို့နယ် ငရုတ်ကောင်းဒေသ၌ Industrial Park, Transport Network, Communication Network များပါဝင်သည့် ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန်တစ်ခု တည်ထောင်ရန်နှင့် စီမံကိန်းများပြီးစီးပါက နိုင်ငံတော်အတွက် စီးပွားရေးအထူးဖွံ့ဖြိုးတိုးတက်သည့် ဒေသကြီးတစ်ခု ပေါ်ထွန်းလာမည်ဖြစ်၍ ပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ရန်၊ ပုသိမ်လေဆိပ်ကို International Airport တစ်ခုအဖြစ် Joint Venture စနစ်ဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ငရုတ်ကောင်းဒေသ ရေနက်ဆိပ်ကမ်းနှင့် အထူးစီးပွားရေးဇုန် တည်ဆောက်ရေးစီမံကိန်းအတွက် မူဘောင်များအတွင်းမှ အပြည့်အဝပံ့ပိုးကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပုသိမ်လေဆိပ်အား Joint Venture စနစ်ဖြင့် International Airport အဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရေးအတွက်လည်း ထပ်မံအသေးစိတ်ညှိနှိုင်းဆွေးနွေးရန်နှင့် မြစ်ဝကျွန်းပေါ်ဒေသ၌ ရေကြောင်းပို့ဆောင်ရေးလုပ်ငန်းများအား ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနှင့် အကျိုးတူပူးပေါင်း၍ Joint Venture စနစ်ဖြင့် လုပ်ငန်းများ ဆောင်ရွက်မည့်ကိစ္စကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီနှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီ(၂)ရပ် ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် တွေ့ဆုံ

နေပြည်တော် မေ ၂၉

ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီနှင့် အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီ (၂)ရပ် ပူးပေါင်း၍ စစ်ကိုင်းတိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ကိုယ်စားလှယ်များ တွေ့ဆုံပွဲကို မေ ၂၈ ရက် နံနက် ၉ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာ လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီဥက္ကဋ္ဌ မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် ကော်မတီဝင်များ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးပါတီများနှင့် လူမှုရေးအသင်းအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကော်မတီဥက္ကဋ္ဌ ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)**တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဆောင်ရွက်နေသော လုပ်ငန်းများကိုလည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးသင်းလှိုင်က တိုင်းဒေသကြီးလွှတ်တော်၏ လုပ်ငန်းများဆောင်ရွက်နေမှုကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအဖွဲ့အစည်းများက ဆွေးနွေးတင်ပြကြရာ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင် အဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

မေ ၂၄ ရက်က ရှမ်းပြည်နယ် မိုင်းဆတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး ခရိုင်ရုံးဝန်ထမ်းများအတွက် ငွေကျပ် ၂၃၃၅၀၀ တန်ဖိုးရှိ ရုံးဝတ်စုံများ ပေးအပ်ရာ ဝန်ထမ်းများကိုယ်စား ဝန်ထမ်းတစ်ဦး လက်ခံယူစဉ်။ (ခရိုင် ထွေ/အုပ်)

ထားဝယ်ခရိုင် ထားဝယ်မြို့ ရေဖြူမြို့နယ် အုန်းပင်ကုန်းကျေးရွာနေ ဦးလူအေး အသက် (၈၇)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ် တစ်နေ့လုံးစာအာဟာရကျွေးမွေးရန်နှင့် ထာဝရဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် (၁၃)သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန် (ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မြန်မာ–ဂျပန်စင်တာဖွင့်လှစ်ရေး စာချွန်လွှာလက်မှတ်ရေးထိုး

ရန်ကုန် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဂျပန်နိုင်ငံမှ Japan International Cooperation Agency (JICA) တို့ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် မြန်မာ-ဂျပန်စင်တာဖွင့်လှစ်နိုင်ရေးအတွက် ဆွေးနွေးချက်စာချွန်လွှာ (Memorandum of Discussion) ကို မေ ၂၂ ရက်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အထွေထွေအတွင်းရေးမှူး ဒေါက်တာဦးမျိုးသက်နှင့် (JICA) မှ Deputy Director General Mr. Hiromichi Murakami တို့ လက်မှတ်ရေးထိုးပြီးနောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်ရှေ့တွင် စာချွန်လွှာလဲလှယ်ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

ဗြိတိသျှအကယ်ဒမီရုပ်မြင်သံကြားဆု ၂၀၁၂ ချီးမြှင့်ပွဲကျင်းပ မင်းသား ဒွန်မီနစ်ဝက်စ်၊ မင်းသမီး အီမီလီဝက်စင်တို့ ဆုများဆွတ်ခူး

လန်ဒန် မေ ၂၉

ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ဗြိတိသျှအကယ်ဒမီရုပ်မြင်သံကြားဆု ၂၀၁၂ ချီးမြှင့်ပွဲကို မေ ၂၈ ရက်က ကျင်းပရာ အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆု၊ အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုများအပါအဝင် အခြားအကယ်ဒမီဆုများကို ချီးမြှင့်ခဲ့သည်။

၁၉၅၄ ခုနှစ်မှ စတင်ကျင်းပခဲ့သည့် ဗြိတိသျှအကယ်ဒမီရုပ်မြင်သံကြားဆု ချီးမြှင့်ပွဲတွင် အကောင်းဆုံး အမျိုးသားသရုပ်ဆောင်ဆု၊ အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆု၊ အကောင်းဆုံး အမျိုးသားဇာတ်ပို့ဆုနှင့် အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆုများအပါအဝင် ဆုပေါင်း ၂၀ ကျော် ချီးမြှင့်ခဲ့သည်။ ထူးခြားသည်မှာ အကောင်းဆုံး ဒါရိုက်တာဆုကို ရွေးချယ်ချီးမြှင့်ခဲ့မှု မရှိခြင်းပင်ဖြစ်သည်။

ရွေးချယ်ချီးမြှင့်

ယခုချီးမြှင့်ပွဲ၌ အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုကို ရုပ်ရှင်မင်းသား ဒွန်မီနစ်ဝက်စ်က Appropriate Adult ဇာတ်ကားဖြင့် ဆွတ်ခူးရရှိခဲ့သည်။ ဒွန်မီနစ်ဝက်စ်သည် နောက်ဆုံးဆန်ခါတင်ရွေးချယ်ခဲ့သော ရုပ်ရှင်မင်းသား ချမ်ဘာဘတ်နှင့် ဂျို့ဂီလ်ဂန်တို့အားကျော်ဖြတ်ကာ ရွေးချယ်ချီးမြှင့်ခံရခြင်းဖြစ်သည်။

ထို့အတူ အကောင်းဆုံး အမျိုးသမီးသရုပ်ဆောင်ဆုကို Appropriate Adult ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်မင်းသမီး အီမီလီဝက်စင်က ဆွတ်ခူးရရှိခဲ့သည်။ သူမသည် Random ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သည့် မင်းသမီး နာဒင်းမာရှယ်၊ The Crimson Petal and the White ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သည့်မင်းသမီး ရိုမိုလာဂါရေး၊This is England-88 ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သည့် မင်းသမီး ဗစ်ကီမက်ကလဲယားတို့နှင့် ပြိုင်ဆိုင်ကာ ရွေးချယ်ခံခဲ့ရခြင်းဖြစ်သည်။

တစ်ဖန် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို Sherlock ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သည့် မင်းသား အင်ဒရူးစကော့က ရွေးချယ်ချီးမြှင့်ခံရသည်။ အင်ဒရူးစကော့သည် ယခုဆုကို မင်းသား ဂျို့မာဝီ၊ မာတင်ဖရီးမင်း၊ စကီဖင်ရေးတို့နှင့် အပြိုင်ရွေးချယ်ခံခဲ့ရခြင်းပင်ဖြစ်သည်။

ထို့အတူ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို Appropriate Adult ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သည့် ရုပ်ရှင်မင်းသမီး မိုနီကာဒိုလန်က ဆွတ်ခူး

ရုပ်ရှင်မင်းသား ဒွန်မီနစ်ဝက်စ်

ရုပ်ရှင်မင်းသမီး အီမီလီဝက်စင်

ရရှိခဲ့သည်။ သူမသည် The Hour ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သည့် မင်းသမီး ချန်စီလာ၊ Downton Abbey ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သည့် မက်ဂီစမစ်၊ Call the Midwite ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ခဲ့သည့် မီရန်ဒါဟက်တို့နှင့် အပြိုင်အရွေးခံရပြီးနောက် အကယ်ဒမီဆု ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

ယခုဆုချီးမြှင့်ပွဲ၌ Single Drama ဇာတ်ကားဆုကို Random ရုပ်ရှင်ကားက ရရှိခဲ့ပြီး Mini-Series ဆုကို This is England-88 ဇာတ်ကားက ဆွတ်ခူးခဲ့သည်။ တစ်ဖန် Drama Series ဆုကို The Fades ဇာတ်ကားက ရရှိခဲ့ပြီး အခြားဆုများကိုလည်း ချီးမြှင့်ခဲ့သည်။

(အင်တာနက်)

မြန်မာ့အလင်း မှုခင်းသတင်း

ကလေးမြို့နယ်တွင် တူမီးသေနတ်ကျည်ထိမှန်ပြီး တစ်ဦးသေဆုံး

ကလေး မေ ၂၉

ကလေးမြို့နယ် အင်းတင်ကျေးရွာ၌ တူမီးသေနတ်ကျည်ထိမှန်၍ လူတစ်ဦး သေဆုံးမှု ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ မေ ၂၈ ရက် ည ၈ နာရီက ကလေးမြို့နယ် အင်းတင်ကျေးရွာ၌ တူမီးသေနတ်ကျည်ထိမှန်၍ ဒဏ်ရာရသေဆုံးနေကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး၏ သတင်းပေးချက်အရ ကလေးမြို့နယ် ရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူများသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ ဆန်းဝင်းဆိုသူမှာ ရင်ညွန့်ပေါက်ပြဲသေနတ်ဒဏ်ရာဖြင့် နေအိမ်ရှေ့မြေကွက်လပ်တွင် လဲကျသေဆုံးနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်အား တာဝန်ရှိသူများက စုံစမ်းရာ ညနေ ၆နာရီတွင် ဦးခင်မောင်ထွေးနှင့် ဆာထွေးတို့သားအဖ နေအိမ်ပေါ်တွင် စကားများနေစဉ် ဆန်းဝင်းမှာ နေအိမ်ပေါ် တက်ရောက်ချိန် ဆာထွေးပစ်ခတ်သော တူမီးသေနတ်ကျည်ထိမှန်ပြီး နေအိမ်ရှေ့တွင် လဲကျသေဆုံးခဲ့ကြောင်း၊ ဆာထွေးမှာ သေနတ်ကိုယူဆောင်ထွက်ပြေးတိမ်းရှောင်နေ၍ တာဝန်ရှိသူများက တရားဥပဒေအရအရေးယူနိုင်ရေးအတွက် လိုက်လံရှာဖွေစုံစမ်းလျက်ရှိကြောင်း သိရှိရသည်။

(၁၆၅)

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာ

နေပြည်တော် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့၏ ဖိတ်ကြားချက်အရ နေပြည်တော်၌ရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့်ဇနီး ရှရီမာတီ ဂူရှာရန်ခါတို့ ဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်မှ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇင်ယော်နှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သံရုံးမှ တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်အဝင်လမ်းဘေးဝဲယာ၌ ကျောင်းသား ကျောင်းသူလေးများက နှစ်နိုင်ငံအလံငယ်များကိုဝှေ့ယမ်း၍ နှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာ မန်မိုဟန်ဆင်းနှင့် ဇနီးရှရီမာတီ ဂူရှာရန်ခါတို့အား နေပြည်တော်လေဆိပ်တွင် တိုင်းရင်းသား တိုင်းရင်းသူလေးများက ဂါရဝပြုနှုတ်ဆက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့များကလည်း အလေးပြုနှုတ်ဆက်ကြသည်။

ထိုသို့ ဧည့်သည်တော်ဝန်ကြီးချုပ်နှင့်ဇနီးဦးဆောင်သောချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ဆက်လက်ထွက်ခွာရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး H.E. Dr.Villur Sundararajan Seshadri နှင့်ဇနီးတို့လည်း အတူတကွ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့်ဇနီး ရှရီမာတီ ဂူရှာရန်ခါတို့အား နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီးတို့က နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

အိန္ဒိယသမ္မတ နိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့်ဇနီး ရှရီမာတီ ဂူရှာရန်ခါတို့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်ဇနီး ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းနှင့်ဇနီး ရှရီမာတီ ဂူရှာရန်ခါတို့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်မှရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့်ရောက်ရှိကြရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးနှင့် တာဝန်ရှိသူများ၊ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် သံရုံးမိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းသည် နံနက် ၁၁ နာရီခွဲမှ ၁၂ နာရီခွဲအထိ ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်အား လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ ၅၅ မိနစ်မှ မွန်းလွဲ ၁ နာရီ မိနစ် ၂၀ အထိ အိန္ဒိယနှယ်ဖွား မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့်လည်းကောင်း တွေ့ဆုံသည်။

ထို့နောက် အိန္ဒိယနှင့်မြန်မာတိုးတက်ရေးနှင့်ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာအခမ်းအနားကို ညနေ ၄ နာရီခွဲတွင် ဆီဒိုးနားဟိုတယ်၌ကျင်းပရာ အခမ်းအနားသို့ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးအောင်၊ ဦးအေးကြူနှင့် ဦးအေးမြင့်ကြူ၊ ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ နိုင်ငံတော်သမ္မတ စီးပွားရေးအကြံပေး အဖွဲ့ခေါင်းဆောင် ဦးမြင့်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Dr.Villur Sundararajan Seshadri နှင့် သံရုံးမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းက အမှာစကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ စီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဦးမြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးနှင့်အဖွဲ့သည် ရွှေတိဂုံစေတီတော်သို့ရောက်ရှိပြီး စေတီတော် တောင်ဘက်မုခ် ဧည့်ခံတန်ဆောင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်က အိန္ဒိယသမ္မတနိုင်ငံမှလှူဒါန်းမည့် သဲကျောက်ဗုဒ္ဓဆင်းတုတော်ပုံစံတုကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်ထံ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက ရွှေတိဂုံစေတီတော်ပုံတော် ကျောက်စီပန်းချီကားကို ဓမ္မလက်ဆောင်အဖြစ် ပြန်လည် ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်သည် ရွှေတိဂုံစေတီတော် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးပြီး ဧည့်သည်တော်အဖွဲ့သည် ရွှေတိဂုံစေတီတော်ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းမှတစ်ဆင့် ဧည့်သည်တော် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဇဖားရ်ရှားဂူဗိမာန်သို့ သွားရောက်ဂါရဝပြုကြသည်။

ဧည့်သည်တော် အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ်နှင့်ဇနီးတို့ ဦးဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ညပိုင်းတွင် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

လူသုံးကုန်ပစ္စည်းပြပွဲ စာနယ်ဇင်းရှင်းလင်း

ရန်ကုန် မေ ၂၉

မော်တော်ကား အမျိုးမျိုးနှင့် အထွေထွေလူသုံးကုန်ပစ္စည်း အမျိုးမျိုး ပြပွဲ ၂၀၁၂ (Automobiles of People Choice-2012)ကို ပြည်မြို့ သီရိခေတ္တရာရတနာ မြို့တော်ခန်းမ၌ Myanmar Apex Business Group က ဇွန် ၈ ရက်မှ ၁၂ ရက်အထိ ခင်းကျင်းပြသမည်ဖြစ်ရာ အဆိုပါပြပွဲနှင့်ပတ်သက်၍ စာနယ်ဇင်းရှင်းလင်းပွဲကို မေ ၂၈ ရက်က ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမရှိ Central Hotel (Jade Hall) တွင် မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပခဲ့သည်။

ခင်းကျင်းပြသ

အဆိုပါ ရှင်းလင်းပွဲတွင် Myanmar Apex Business Group ဒါရိုက်တာ ဦးကျော်ကျော်က အမှာစကားပြောကြားပြီးနောက် အဓိကပံ့ပိုးသူ ရွှေဗဟိုကားကုမ္ပဏီ ဒါရိုက်တာ ဦးဝဏ္ဏသက်ဝေ၊ Shan Traditional Food [Shwe Yi mon] မန်နေဂျင်းဒါရိုက်တာ ဒေါ်နီလာ၊ ရန်မျိုးနိုင်ကုမ္ပဏီ အမှုဆောင် ဒါရိုက်တာ ဦးရန်ရှင်း၊ Tech Space Journal မှ ဦးလင်းထက်ထွန်း၊ ပိုးသီရိကျော်ကုမ္ပဏီမှ ဒါရိုက်တာ ဦးဝေလင်းတို့က ရှင်းလင်းပြောကြားပြီးနောက် စာနယ်ဇင်းများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။ အဆိုပါပြပွဲတွင် မော်တော်ယာဉ်အမျိုးမျိုးနှင့် မော်တော်ယာဉ် အပိုပစ္စည်းအမျိုးမျိုး၊ အိမ်ရာအဆောက်အအုံ အရောင်းပြခန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းအမျိုးမျိုး၊ အိမ်တွင်းအလှဆင် ပစ္စည်းအမျိုးမျိုး၊ ရေချိုးခန်းနှင့် မီးဖိုချောင်သုံးပစ္စည်းအမျိုးမျိုး၊ လေအေးပေးစက်အမျိုးမျိုး၊ မီးသတ်ပစ္စည်းအမျိုးမျိုး၊ ဖုန်းနှင့် ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ ကျောင်းသုံး၊ ရုံးသုံးပစ္စည်းအမျိုးမျိုးနှင့် စာရေးကိရိယာအမျိုးမျိုး၊ အိမ်သုံးဆေးဝါးနှင့် အထွေထွေလူသုံးကုန်ပစ္စည်းအမျိုးမျိုးတို့ကို ခင်းကျင်းပြသ ရောင်းချမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ကရင်ပြည်နယ် ရဲတပ်ဖွဲ့ (၂၀၁၂-၂၀၁၃) ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့်စာရေးကိရိယာ ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၄ ရက်က ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိန်းကြည်က ကျောင်းသူတစ်ဦးအား ထောက်ပံ့ပေးအပ်စဉ်။ (မြို့နယ်ရဲတပ်ဖွဲ့)

မြန်မာ့ရုပ်မြင်သံကြား

၃၀-၅-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၀	နံနက်ခင်းသတင်း

ညပိုင်း

၄း၂၅	**လူငယ်နှင့် ဆေးလိပ်အန္တရာယ်** (ကာဗွန်မိုနောက်ဆိုက်)
၄း၅၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ဒဿနိကဗေဒအထူးပြု) (ဒဿနိကဗေဒ)
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၆း၂၀	မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့
၆း၃၅	ရွှေရင်ခုန်သံ
၈း၀၀	ပြည်တွင်းသတင်း
-	နိုင်ငံတကာသတင်းများ
-	မိုးလေဝသအခြေအနေ
-	အစီအစဉ်ပြီး၏။

ယာဉ်လိုင်းများအား အပတ်စဉ်စစ်ဆေးကြပ်မတ်လျက်ရှိ

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းသည့် ခရီးသည်တင်ယာဉ်များ၊ ယာဉ်လုပ်သားများအား စစ်ဆေးကြပ်မတ်နိုင်ရန်၊ ပြည်သူလူထု၏ ခရီးသွားလာမှုလမ်းကြောင်းများ၌ တွေ့ရှိရသောအခက်အခဲများအား စစ်ဆေးတင်ပြနိုင်ရန်၊ ခရီးသွားပြည်သူလူထု၏ သတင်းပေးတိုင်ကြားမှုများအား စစ်ဆေးကြပ်မတ်နိုင်ရန်၊ စီအင်န်ဂျီသဘာဝဓာတ်ငွေ့အသုံးပြုဆိုင်ရာ ချွတ်ယွင်းမှုများအား စစ်ဆေးနိုင်ရန်ရည်ရွယ်၍ မထသ(ဗဟို)၊ မထသ(ရန်ကုန်တိုင်းဒေသကြီး) ခရိုင်မထသယာဉ်လိုင်းအဖွဲ့အစည်းများ၊ ပါရမီယာဉ်လိုင်း၊ သန်မြန်သူယာဉ်လိုင်း၊ ရွှေရန်ကုန်ယာဉ်လိုင်းအစရှိသော ယာဉ်လိုင်းအသီးသီးရှိ အထူးစစ်ဆေးရေးအဖွဲ့၊ ရှစ်ဖွဲ့တို့မှ တာဝန်ရှိသူများသည် ခရီးစဉ်လမ်းကြောင်းရှစ်ကြောင်း သတ်မှတ်ကာ အပတ်စဉ် စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ **(ဝင်းဝင်းမော်-သတင်းစဉ်)**

နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)ကားလမ်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မေ ၂၉

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် သည် မေ ၂၇ ရက် နံနက်ပိုင်းတွင် ကုမ္ပဏီများမှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ဆိပ်ဖြူ-ချောက်-ငွေးချိုလမ်းအပိုင်းနှင့် ငွေးချို-ရေနံချောင်း-မကွေးလမ်းအပိုင်းများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် မကွေးခရိုင်မှ တာဝန်ယူဆောင်ရွက်သည့် ရေနံချောင်းမြို့ရှောင်လမ်း ဖြစ်သော ယင်းမချောင်း-ယာကြီးပြင်လမ်းသစ်ဖောက်လုပ်နေမှုအခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ကောင်းမွန်ကုမ္ပဏီက B.O.T စနစ်ဖြင့် ဆောင်ရွက်သော ငွေးချို-ရေနံချောင်း လမ်းအပိုင်း လမ်းပခုံး ဘယ်ညာတွင် သိပ်သည်းမှုရရှိအောင် Roller ဖြင့် စနစ်တကျ စံချိန်စံညွှန်းနှင့်အညီ ကြိတ်ပေးရန်၊ ဒေါင်းနေချောင်းတံတား ချဉ်းကပ်လမ်း တောင်နံရံများ၏အခြေတွင် ကျောက်စီရေမြောင်းဖောက်လုပ်ပေးရန်၊ ရေနံချောင်းမြို့ရှောင်လမ်း ဖြစ်သည့် ယင်းမချောင်း-ယာကြီးပြင် လမ်းသစ်ကိုလည်း အတက်အဆင်း မတ်စောက်သည့်နေရာများ၌ အနိမ့်အမြင့်များ ထပ်မံလျှော့ချဖြေညှိပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား (မကွေး) လမ်းတစ်လျှောက် လမ်း/တံတား ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများနှင့် မိုင်တိုင်အမှတ်(၅၁/၁) နှင့် (၅၁/၂)အကြားတွင် ယင်းချောင်းတံတားပြင်ဆင်ထိန်းသိမ်းမှုနှင့် ရေစီးလမ်းကြောင်းနှင့် ရေတိုက်စားမှုကာကွယ်ရန် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားချဉ်းကပ်လမ်းနှင့်တံတားအကြား အတက်အဆင်းပြေပြစ်အောင် ဆောင်ရွက်ထားရှိရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သည် မိုင်တိုင်အမှတ်(၁၆/၄)နှင့် (၁၆/၅) အကြားတွင် မြန်မာ့အလှ ကုမ္ပဏီက ကျောက်စီမြေထိန်းနံရံ တည်ဆောက်နေမှု၊ မိုင်တိုင်အမှတ်(၁၁/၄) နှင့်(၁၁/၅)အကြားတွင် လမ်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)က ကျောက်စီရေမြောင်းများနှင့် မြေထိန်းနံရံများ တည်ဆောက်နေမှု၊ မိုင်တိုင်အမှတ်(၁၁/၁)နှင့်(၁၁/၂)အကြားတွင် ထန်းတပင်ချောင်း ပေ ၂၀ ၊၃ ခန်းတွဲ ရေထုတ်ပြွန်အား မိုးရာသီ၌ ရေတိုက်စားမှုမရှိအောင် ဆောင်ရွက်ထားရှိမှု၊ မိုင်တိုင်အမှတ်(၉/၃)နှင့် (၉/၄) အကြားတွင် အရှည်ပေ ၂၄၀ ရှိ ငလိုက်ချောင်း သံကူကွန်ကရစ်တံတားအသစ်တည်ဆောက်နေမှု၊ မိုင်တိုင်အမှတ်(၂/၀)နှင့်(၂/၁)အကြား လမ်းပြုပြင်ဆောင်ရွက်နေမှုနှင့် ရေပြွန်များ ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားများကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်နှင့်ရေပြွန်များတွင် ရေထွက်ပေါက်များ ပိတ်ဆို့မှုမရှိအောင် ရှင်းလင်းဆောင်ရွက်ပေးရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)လမ်းပိုင်းရှိ တံတားများ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၂၉-၅-၂၀၁၂

လောင်းလုံမြို့	၃ ဒသမ ၆၆ လက်မ
ရန်ကုန်(ကမ္ဘာအေး)	၂ ဒသမ ၇၅ လက်မ
ကော့သောင်းမြို့	၂ ဒသမ ၁၂ လက်မ
ကိုကိုးကျွန်းမြို့	၁ ဒသမ ၈၁ လက်မ
ကျိုက္ခမီမြို့	၁ ဒသမ ၇၇ လက်မ
ထားဝယ်မြို့	၁ ဒသမ ၇၃ လက်မ

ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌအား ကမ္ဘာ့ဘဏ် (PEFA) မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၉

ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီဥက္ကဋ္ဌ ဦးသူရိန်ဇော်အား ကမ္ဘာ့ဘဏ် Public Expediture and Financial Accountability(PEFA) မှ Mr. Robert Taliercio ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ကော်မတီဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (အောက်ပုံ)

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး ဦးမောင်တိုးနှင့် အဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး ပြည်သူ့ငွေစာရင်းကော်မတီမှ လွှတ်တော်အတွင်း ဆောင်ရွက်လျက်ရှိသောကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်

နေပြည်တော် မေ ၂၉

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများသို့ ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့်ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နေမည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပေးအပ်လှူဒါန်း

၂၀၁၂-၂၀၁၃ ပညာသင်နှစ် မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၅ ရက်က လှိုင်မြို့နယ် အထက(၁) ဘုရင့်နောင်ခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဌေး စာအုပ်များ ပေးအပ်လှူဒါန်းစဉ်။ (၁၂၂)

● ကျောဖုံးမှ

ပြဋ္ဌာန်းထားပါကြောင်း၊ ထို့အပြင် နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားစဉ်ကပင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၆ ပါ အချက်များအား စောင့်ထိန်းလိုက်နာမည် ဖြစ်ကြောင်း ဝန်ခံချက်ပြုထားပြီးဖြစ်ကြပါကြောင်း၊ ယင်းပုဒ်မ ၆ ပါ ဝန်ခံချက်များကို ပါတီဝင်တစ်ဦးချင်းစီက ချိုးဖောက်လျှင်လည်း ပုဒ်မ ၁၀ အရ ပါတီဝင်အဖြစ် ရပ်တည်ခွင့်မရှိတော့သည်မို့ ယင်းဥပဒေပုဒ်မ ၁၂ (က) (၆) အရ ယင်းပါတီဝင်ကို ပါတီမှ ထုတ်ပယ်သည်အထိ အရေးယူကြမည်ဖြစ်ပါကြောင်း၊ အကယ်၍ မထုတ်ပယ်ဘဲ တမင်ထိမ်ချန်ထားလျှင် ယင်းဥပဒေပုဒ်မ ၁၂(ခ) အရ ပါတီ၏ တရားဝင်ရပ်တည်ခွင့်ကို ထိခိုက်စေနိုင်သည်ကို သတိပြုကြရမည်ဖြစ်ပါကြောင်း။

ယခုအခါတွင် နိုင်ငံတော်၏ အချို့နေရာများ၌ လျှပ်စစ်မီးပြတ်တောက်သည်ကို အကြောင်းပြု၍ ဆန္ဒပြပွဲများ၊ စက်ရုံ၊ အလုပ်ရုံအချို့တွင် အလုပ်ရှင်/အလုပ်သမား အငြင်းပွားဆန္ဒပြမှုများ ဖြစ်ပွားနေသည့်အတွက် ယင်းဆန္ဒပြမှုများတွင် နိုင်ငံရေးပါတီဝင်အချို့တို့က ပူးပေါင်းပါဝင် ပတ်သက်ခြင်းများရှိနေကြောင်း သတင်းများ သိရှိရပါကြောင်း။

ထို့ကြောင့် ယင်းဖြစ်စဉ်များအပေါ် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ တာဝန်ရှိပုဂ္ဂိုလ်များက အသေးစိတ် ရှင်းလင်းဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယခုဆွေးနွေးရှင်းပြသော အခြေအနေမှန်များကို နိုင်ငံရေးပါတီများက သိရှိပြီး ဖြစ်သင့်ဖြစ်ထိုက်သည်များကို ဖြစ်နိုင်သမျှ ဖြစ်လာအောင် သက်ဆိုင်ရာ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

မဖြစ်နိုင်သေးသည်များကို ဆန္ဒစောအတင်းတွန်းအားပေး ဆောင်ရွက်ခြင်းဖြင့် မိမိတို့ရော နိုင်ငံတော်မှာပါ အကျိုးမရှိဖြစ်ရပြီး မလိုအပ်သည့်ဆူပူမှုများ ဖြစ်လာပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေနိုင်ပါကြောင်း။

နိုင်ငံတော်သည် ဒီမိုကရေစီအသွင်သဏ္ဌာန်ကူးပြောင်းခါစ နုနယ်သေးသောကာလတွင် လိုအပ်ချက်များ မပြည့်စုံမှုများ ရှိနေဦးမည်ဖြစ်ပါကြောင်း၊ ယခုလို နိုင်ငံတကာက စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပြီး နိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုကို အသိအမှတ်ပြု ပူးပေါင်းဆောင်ရွက်နေသည့်ကာလတွင် မလိုလားအပ်သော ဆူပူအကြမ်းဖက်မှုများကြောင့် တုံ့နှေးသွားစေမည့် အခြေအနေမျိုးမဖြစ်ပေါ်အောင် အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် ဆောင်ရွက်ကြရာတွင် နိုင်ငံတော်၏ ပကတိအခြေအနေမှန်၊ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်များစသည့် အချက်အလက်ပေါင်းစုံတို့ကို ထည့်သွင်းစဉ်းစားသုံးသပ်ပြီး ပြည်သူများ၏ လိုအပ်ချက်ကို ဥပဒေနှင့်အညီ နိုင်ငံတော်အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးက အလုပ်ရှင်/အလုပ်သမားအငြင်းပွားဆန္ဒပြမှုများနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အလုပ်သမားဝန်ကြီးဌာနက ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးမှုအခြေအနေများကိုလည်းကောင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိုင်ငံတော်၏လျှပ်စစ်ဓာတ်အား ရရှိမှုနှင့် ခွဲဝေသုံးစွဲမှုအခြေအနေ၊ နွေရာသီတွင် လျှပ်စစ်ဓာတ်အားလျော့နည်းသွားမှုအခြေအနေ၊ မဟာဓာတ်အားလိုင်း ဗုံးခွဲဖျက်ဆီးခံရမှုကြောင့် လတ်တလော လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုအခြေအနေနှင့် ဓာတ်အားလုံလောက်စွာရရှိရေး ကြိုးစားဆောင်ရွက်ပေးနေမှုအခြေအနေတို့ကိုလည်းကောင်း အသေးစိတ် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက နိုင်ငံတော်တွင် လတ်တလောဖြစ်ပေါ်နေသည့် လျှပ်စစ်မီးပြတ်တောက်မှုအပေါ် နိုင်ငံတော်မှ ဆောင်ရွက်နေသည့် အခြေအနေနှင့် အလုပ်ရှင်/အလုပ်သမားအငြင်းပွားမှုများတွင် တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များအရ ညှိနှိုင်းဖြေရှင်းပေးနေမှုအခြေအနေမှန်များကို သိရှိရပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံရေးပါတီများအနေဖြင့် ဥပဒေနှင့်အညီ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေး တင်ပြကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်မှာကြားရာတွင် နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုကို စည်းရုံးဆောင်ရွက်ကြရာတွင် မိမိပါတီအကျိုးထက် နိုင်ငံတော်အကျိုးရှိရာရှိကြောင်းကို ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားသုံးသပ်ပြီး လတ်တလောဖြစ်ပေါ်နေသည့် ဆန္ဒပြအငြင်းပွားမှုများကို ပြေလည်မှုရရှိအောင် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားကာ ဆွေးနွေးပွဲကို မွန်းလွဲပိုင်းတွင်ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဘဝတစ်ကွေ့အတွေ့အကြုံ

နှလုံးသားမရှိသူများ

ကိုကိုသက်

အမြန်လမ်းမကြီးပေါ် ဖြတ်သန်းသွားလာခွင့်မပြု

"ကျွန်တော်က ရန်ကုန်ကနေအစည်းအဝေးရှိလို့ တစ်ယောက်တည်း ကားကို ဖြည်းဖြည်းလေးမောင်းပြီး မနက် ၆ နာရီလောက် ထွက်လာတာ။ ၉ နာရီကျော်လောက်ပဲရှိသေးတယ်။ မိုင်တိုင်အမှတ်(/)မှာ ကားတစ်စင်းမှောက်ပြီး ကားကလည်း တစောင်းကြီးဖြစ်နေတယ်။ အစည်းအဝေးဆိုပြီး တက်လာတာမို့ ဆေးအိတ်မပါလာတာရယ်၊ ကားထဲကလူတွေကို ဆွဲထုတ်ဖို့ ပြုစုဖို့က ကျွန်တော်တစ်ယောက်တည်းနဲ့ မဖြစ်နိုင်တာရယ်ကြောင့် ရှေ့ဆက်မောင်းလာပြီး တွေ့တဲ့ရဲစခန်းကို ဝင်သတင်းပို့လိုက်တော့ အဲဒီစခန်းကပုဂ္ဂိုလ်က အဲဒီနေရာက သူတို့အပိုင်မဟုတ်ဘူး၊ သူတို့နဲ့မဆိုင်ဘူးဆိုပြီး ပြန်ပြောတယ်။ ဘာမှဝေးတာမဟုတ်ဘူးနော်။ ကျွန်တော်က အဲဒါဆိုလည်း သက်ဆိုင်တဲ့ အပိုင်စခန်းကိုဆက်ပြီး အမြန်အကြောင်းကြားပေးပါ။ ဘယ်အချိန်ကတည်းက မှောက်နေမှန်းမသိဘူး၊ အချိန်ကြာသွားရင်ခက်မယ်လို့ အတင်းတောင်းတောင်းပန်ပန်နဲ့ ပြောခဲ့ရတယ်။ ကျွန်တော်ဆိုလိုတာက ကျွန်တော့်အပိုင်မဟုတ်ဘူးဆိုပြီး ကျွန်တော့်ကို ငြင်းနေစရာကိုမလိုပါဘူး၊ သူ့ဘာသာပဲ 'ဟုတ်လား၊ နေရာအတိအကျလေးပြောပေးပါ'ဆိုပြီး ပြာပြာသလဲနဲ့သူ့အပိုင်မဟုတ်လည်း ကိုယ့်စခန်းမှာလာသတင်းပေးနေပြီပဲ၊ သက်ဆိုင်တဲ့စခန်းကို ဆက်သွယ်ရေးစက်တို့၊ ဖုန်းတို့နဲ့ပြောပေး၊ အရေးတယူဆောင်ရွက်ပေးစေချင်တာပါ၊ ခပ်တည်တည် အေးအေးဆေးဆေးပဲ၊ လူ့အသက်ကိုတန်ဖိုးမထားတဲ့ တော်တော်သွေးအေးတဲ့ သူတွေဗျာ"။

နှလုံးအထူးကုဆရာဝန်ကြီးတစ်ဦးက ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးပေါ်မှ သူကိုယ်တိုင်ကြုံတွေ့ခဲ့သော စိတ်မသက်သာဖွယ် အဖြစ်အပျက်တစ်ခုကို စကားစပ်မိရင်းပြောပြသည်။

မီဒီယာဂရုတစ်ခုမှ အမှုဆောင်အရာရှိက "အေးဗျာ၊ ဟိုရက်ကတွေ့လိုက်ရတဲ့နာရေးတစ်ခု၊ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးပဲလေ။ သတိထားမိလိုက်ကြတယ် မဟုတ်လား။ ရန်ကုန်ကနေ နေပြည်တော်ကိုတက်လာတာတဲ့။ ကားမှောက်ရော။ ဖြတ်သွားတဲ့ကားတွေတစ်စီးပြီးတစ်စီး ဆက်သာမောင်းသွားတယ် လူနာကို မတင်ဘူးတဲ့ဗျာ။ အတူပါလာတဲ့သမီးဖြစ်တဲ့သူက ဘာကြောင့်မတင်မှန်း သဘောပေါက်သွားတာမို့ ကိုယ်တိုင်ကားတားပြီး အခုတင်သွားတဲ့ကားပေါ်မှာ သူ့အဖေသေရင် အခုကားလိုမျိုး ပုံစံတူအစားပြန်ဝယ်ပေးပါမယ်၊ သူ့အဖေကိုဆေးရုံအမြန်ပို့ပေးပါလို့ ကတိပေးပြီးတောင်းပန်တာတောင် မရဘူးတဲ့ဗျာ။ အဲဒါနောက်ဆုံးတော့ အချိန်တွေ နောက်ကျသွားပြီး အခုလို ဖြစ်သွားရတာလို့ သိရတယ်ဗျာ။ တစ်ဦးနဲ့တစ်ဦး ရိုင်းပင်းပါတယ်။ ကူညီပါတယ်။ ဖော်ရွေပါတယ်ဆိုတဲ့ မြန်မာနိုင်ငံမှာ လုံးဝကြားလို့မကောင်းတဲ့ ကြေကွဲဖွယ်ဖြစ်ရပ်တစ်ခုပဲပေါ့" ဟု မချိတင်ကဲ ထောက်ခံဆွေးနွေးသည်။

"အေးဗျာ။ အဲဒီမှာ ကျွန်တော်တို့လူတွေက အကြောက်ကြီးတာ အဓိကပဲလို့ ထင်တယ်။ ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ပေမယ့် မိရိုးဖလာတွေများတော့ ကားပေါ်မှာ လူသေရင်မကျွတ်ဘဲ စွဲနေမယ်လို့ အယူသီးကြတယ်။ လူသေထားတဲ့ကား နိမိတ်မရှိဘူးလို့ အမှတ်မှားနေကြတယ်။တစ္ဆေ၊ သရဲကို အကြောက်ကြီးကြတယ်။ ရုံးမှာ၊ ဂတ်မှာ လိုက်ရှင်းရမှာကို အကြောက်ကြီးကြတယ်။ အဲဒီလို အကြောက်ကြီးရတာကြောင့် လူသားဆန်မှုတွေ ပျောက်ဆုံးကုန်တာပါပဲ။ မြန်မာတို့ရဲ့ အစွဲထဲမှာ လူသေတွေ့ရင် နိမိတ်မကောင်းဘူးဆိုတဲ့ အယူကလည်း ရှိသေးတယ်။ မသာတစ်ခေါက်၊ ကျောင်းဆယ်ခေါက်လို့ ဘာသာရေးနဲ့ နွယ်တဲ့ မြန်မာဆိုရိုးစကားရှိတာလည်း မေ့နေကြတယ်လို့ထင်တယ်" ဟု သတင်းထောက်တစ်ဦးက သူ့အမြင်ကို ဝင်ပြောပြသည်။

"တကယ်တော့ နိုင်ငံတော်အစိုးရကလည်း အမြန်လမ်းမကြီးပေါ်မှာ ဖြည့်ဆည်းပေးသင့်တာတွေ ထပ်မံဖြည့်ဆည်းပေးမယ်။ ဟို သူ့အပိုင်၊ ငါ့အပိုင်ဆိုပြီး တာဝန်တစ်ခုပဲသိတဲ့ သူတွေကို တာဝန်နဲ့ဝတ္တရား ဒွန်တွဲသိအောင် စိတ်ဓာတ်သွင်းပေးတာ အပါအဝင်ပေါ့လေ၊ မောင်းနှင်သူတွေကလည်း ဘုရား၊ တရား၊ သံဃာနှလုံးသွင်းပြီး ဘာသာရေးအသိလေးနဲ့ သတိလေးထား မောင်းနှင်ကြမယ်။ အမြန်လမ်းမကြီးပေါ် တစ်ခုခုဖြစ်တာတွေ့ရင် မိမိရဲ့ အချိန်ကုန်မှာ၊ လူသေတင်မိလို့ ရှင်းရလင်းရမှာ၊ မိမိကားပေါ်မကျွတ်ဘဲ ကျန်နေမယ်ဆိုတဲ့ ကြောက်စိတ်တွေနဲ့ ရှောင်ပြေးချင်တဲ့စိတ်တွေ ကျွန်တော်တို့အမြဲ ဖြတ်သန်းသွားလာနေတဲ့ လူတွေဆီမှာ နည်းပါးသွားအောင် မီဒီယာတွေကနေ အသိပညာပေးတာလုပ်ကြဖို့ လိုမယ်လို့ ကျွန်တော်ထင်တယ်" ဟု ထိုနေ့က စကားဝိုင်းတွင် စာရေးသူ ဝင်ဆွေးနွေးခဲ့ပါသည်။

မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်နှင့် စီးပွားရေးမြို့တော် ရန်ကုန်၊ အထက်မြန်မာပြည်၏မြို့တော် မန္တလေးတို့သို့ အမြန်လမ်းမကြီးကို အသုံးပြု၍ ဖြတ်သန်းသွားလာနေကြသူများတွင် မိမိတစ်စုံတစ်ခုဖြစ်လျှင်လည်း ကူညီဆောင်မမည့်သူနှင့် လွယ်ကူလျင်မြန်စွာ ဆုံတွေ့ပါစေ၊ သူများတစ်ခုခုဖြစ်လျှင်လည်း ကူညီစောင့်ရှောက်နိုင်သော ကိုယ်ဖြစ်ရပါစေဟု လူသားဆန်သော စိတ်ထားလှလှလေးများ ရှိစေချင်မိပါသည်။ ။

30-5 (09).pmd 1 5/30/2012, 1:10 AM

စွမ်းအင်ဆိုင်ရာဖိုရမ် ကျင်းပ

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံတွင် အသစ်တစ်ဖန်ပြုလုပ်၍ရသော စွမ်းအင် (Renewable Energy) နှင့် စွမ်းအင်ကို ထိရောက်စွာ အသုံးချနိုင်မှု (Energy Efficiency) နည်းပညာ ပိုမိုကျယ်ပြန့်စွာ အသုံးချလာစေရန်နှင့် စီးပွားဖြစ် ပိုမိုလုပ်ကိုင်လာစေရန်၊ ပြည်တွင်း ပြည်ပမှ နည်းပညာများကို လေ့လာနိုင်စေရန် ရည်ရွယ်ချက်တို့ဖြင့် The 4th Renewable Energy & Energy Business Finance Forum in Myanmar နှီးနှောဖလှယ်ပွဲကို မေ ၂၃ ရက် နံနက်က ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် Ball Room ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ ကရင်တိုင်းရင်းသားရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းအောင်မြင့်က အမှာစကားပြောကြားသည်။ ထို့နောက် ကောင်းကျော်စေကုမ္ပဏီလီမိတက် အမှုဆောင်အရာရှိချုပ်နှင့် ဥက္ကဋ္ဌ ဦးထွန်းနိုင်အောင်တို့က စွမ်းအင်ဆိုင်ရာဖိုရမ်ကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြပွဲတွင် ခင်းကျင်းပြသထားသည့် အသစ်တစ်ဖန် ပြုလုပ်၍ရသော စွမ်းအင်ဆိုင်ရာ ပြခန်းများကို ဝန်ကြီး ဦးထွန်းအောင်မြင့်၊ ဥက္ကဋ္ဌ ဦးထွန်းနိုင်အောင်နှင့် Doarm Engineering Co., Ltd. (Korea) မှ Mr. Simon Kim တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

နှီးနှောဖလှယ်ပွဲတွင် Clean & Green Tech ဆိုင်ရာ စာတမ်းဖတ်ကြားပွဲ၊ နည်းပညာ နှီးနှောဖလှယ်ပွဲများနှင့် လုပ်ငန်းများ ပူးပေါင်းဆွေးနွေးပွဲများကို မေ ၂၄ ရက်အထိ ကျင်းပခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

သာယာဝတီ မေ ၂၉

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် သာယာဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၂၃ ရက် နံနက် ၉ နာရီက ဆရာစံခန်းမ၌ ကျင်းပရာ သာယာဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမျိုးက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** သင်တန်းတွင် ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ၆၉ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်မည်ဖြစ်သည်။

အလားတူ သာယာဝတီခရိုင်အတွင်းရှိ လက်ပန်တန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်၊ ဇီးကုန်း၊ နတ်တလင်း စသည့်မြို့နယ်များတွင်လည်း ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တစ်ရွာတစ်ကေစိုက်ခင်း စိုက်ပျိုးနိုင်ရေး စည်းရုံးပညာပေးဟောပြော

မင်းလှ မေ ၂၉

ကျေးလက်အိမ်ရာ ထူထောင်ရေး တစ်အိမ်ထောင်ကျွန်းသုံးပင်၊ သစ်မာပင် ၂၀၊ ကျေးရွာပိုင်သစ်မာစိုက်ခင်းတစ်ရွာ တစ်ကေစိုက်ပျိုးခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် မြေယာပြုပြင်ခြင်း အသိပညာပေး ဟောပြောပွဲကို မင်းလှမြို့နယ် ရွှေဝါမြိုင်ပျိုးဥယျာဉ်တွင် မေ ၁၇ ရက်က ကျင်းပရာ သာယာဝတီခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးတင့်(၂) နှင့် သစ်တောဝန်ထမ်းများက ဟောပြောဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက မြေယာပြုပြင်ခြင်းလုပ်ငန်းနှင့် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ လက်တွေ့ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)** သာယာဝတီခရိုင်အတွင်းရှိ မြို့နယ်များအနေဖြင့် ၂၀၁၂ မိုးရာသီအတွင်း ကျွန်းပင် ၂၆၂၅၀၀၊ သစ်မာပင် ၂၂၉၀၀၀၊ ပြည်သူဖြန့် ပျိုးပင် (ကာဗွန်စုပ်ယူစိုက်ခင်း) ၃၁၆၄၀၀၊ ဆက်သွယ်ရေးလမ်းဘေးဝဲ/ယာ အပင် ၄၄၅၀၀၊ တစ်ရွာတစ်ဧက ၅၇၆၀၀ ပင် စုစုပေါင်း ပျိုးပင် ၉၃၀၀၀၀ စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ်စိုက်ပျိုးရေး)**

ရေပြတ်လပ်မှုမရှိအောင် ကူညီဆောင်ရွက်ပေး

ပန်းတောင်း မေ ၂၉

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ကျီးပင်အုပ်စုအတွင်းရှိ တဲကုန်းကျေးရွာ၊ သပြေကုန်းကျေးရွာနှင့် တောင်ဘို့ကြီးအုပ်စုအတွင်းရှိ မြေဝါကုန်းကျေးရွာ၊ ရွာသစ်ကုန်းကျေးရွာနှင့် မှန်ကုန်းကျေးရွာတို့တွင် အပူချိန်မြင့်မားခြင်းကြောင့် ရေတွင်းရေကန်များ ခန်းခြောက်စပြုပြီး လူနှင့် တိရစ္ဆာန်တို့၏ သောက်ရေသုံးရေ ပြတ်လပ်ကာ ရေအခက်အခဲကြုံတွေ့လျက်ရှိသည်။

အဆိုပါ ရေပြတ်လပ်မှုအခက်အခဲကို ဖြေရှင်း ဆောင်ရွက်ပေးနိုင်ရန်အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဇော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် မေ ၁၈ ရက်မှစ၍ ယနေ့အထိ ရေလိုအပ်မှုကို ဖြည့်ဆည်းပေးလျက်ရှိပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့၊ စေတနာရှင် ပြည်သူများက ရေများ ပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရှိရသည်။ (၁၇၀)

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် မေ ၂၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း မြကန်သာကွင်း၌ မေ ၁၈ ရက် နံနက် ၆ နာရီ မိနစ် ၂၀ က ဦးထူးအံ့သည် ကစားဖော်များဖြစ်ကြသော ဦးအောင်မိုးကျော်၊ ဦးမောင်မောင်နိုင်၊ ဦးဇော်မင်း Khaing Su Thu Co., Ltd. တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ် ၁၁ ၌ ကိုက် ၁၂၀ အကွာမှ Tour Special No.1 ဘောလုံးကို King Cobra No.9 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြစ်သားမြို့နယ် ရေနစ်မြုပ်မှုဘေးမှကင်းဝေးရေး စမာရေလွှဲဆည်တည်ဆောက်၊ သဲထုတ်ရေတံခါးတပ်ဆင်

မြစ်သား မေ ၂၉

မြစ်သားမြို့နယ် အစည်းအဝေးခန်းမ၌ မေ ၂၆ ရက်က မြစ်သားမြို့နယ် ရေနစ်မြုပ်မှုဘေးမှ ကင်းဝေးရန် တည်ဆောက်နေသည့် စမာရေလွှဲဆည်နှင့် သဲထုတ်ရေတံခါးတပ်ဆင်နေမှု အခြေအနေများနှင့်ပတ်သက်၍ မြို့နယ်ခန်းမ၌ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းနှင့် မြို့ပေါ် ခြောက်ရပ်ကွက်နေ ပြည်သူများ၊ ရပ်မိရပ်ဖများနှင့် အုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲ အခမ်းအနား ကျင်းပသည်။ တွေ့ဆုံ ဆွေးနွေးပွဲတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းက မြစ်သားမြို့နယ် ရေလွှမ်းမိုးမှု ကြုံတင်ကာကွယ်ရေးနှင့် စမာရေလွှဲဆည်မှ ရေပေးဝေမှုအခြေအနေများကို ရှင်းလင်း ပြောကြားသည်။ **(အပေါ်ပုံ)** ထို့နောက် မန္တလေးတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွှန့်က စမာရေလွှဲဆည်နှင့် သဲထုတ်ရေတံခါး တပ်ဆင်မှုမှရရှိသည့် အကျိုးကျေးဇူးများကိုလည်းကောင်း၊ ကျောက်ဆည်ခရိုင် ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက စမာသဲထုတ်ရေတံခါးကို ပေ ၆၀ အကျယ်ဖြင့် ပန်းလောင်မြစ် ကြမ်းပြင်နှင့်အညီ တည်ဆောက်ထားပြီး ရေကြီးချိန်တွင် သဲထုတ်ရေတံခါး ဖွင့်ပေးခြင်းဖြင့် ကသောင်းချောင်းမှ ဒိုက်၊ ဗေဒါများ၊ စွန့်ပစ်ရေများ မျောပါသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် မြစ်သားမြို့နှင့် ပန်းလောင်းမြစ်ဘေးရှိ ကျေးရွာများမှ မိုးစပါးစိုက်ဧက ၁၀၀၀ ရေဘေးကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း၊ စမာရေလွှဲဆည်အတွင်း ရေရှိနေခြင်းကြောင့် မြစ်သားမြို့အတွင်း ရေတွင်းများရှိ ရေများ မြင့်တက်လာ၍ သောက်သုံးရေ အဆင်ပြေစွာ ရရှိကာ မီးဘေးအန္တရာယ်မှ ကင်းဝေးပြီး ရေရှားပါးမှုများ ကြုံတွေ့ရတော့မည် မဟုတ်ကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့ပေါ် ခြောက်ရပ်ကွက်မှ ဦးသောင်းမြင့်ထွန်း (ရှမ်းပွဲ)၊ ဦးမြင့်ဌေး (ရှမ်းပွဲ)၊ ဦးသိန်းထွန်း (မင်းကုန်း)၊ ဦးထူးသန်း (ရွှေသူဌေး)၊ ဦးခင်မောင်မြင့် (ရွာမုန်းကြီး)၊ ဒေါ်အေးအေးမြင့် (ရွှေသူဌေး)၊ ဦးစံသော်ထွန်း (ရွှေသူဌေး)၊ ဦးကျော်ညွှန့် (မင်းကုန်းအုပ်ချုပ်ရေးမှူး)၊ ဦးဝင်းမြင့်နှင့် ဦးရေကြည်တို့က စမာရေလွှဲဆည်နှင့် သဲထုတ်ရေတံခါး တပ်ဆင်သည့်ကိစ္စနှင့်ပတ်သက်၍ တင်ပြကြရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးမြင့်သန်းက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ (၀၁၂)

မြန်မာ့အလင်း ကျန်း မာ ရေး သု တ

ဆေးဖက်ဝင်ကွမ်းအကြောင်း သိကောင်းစရာ

ရဲမာန်ဦး(ဒလ)

ကွမ်းသည် မြန်မာလူမျိုးတို့ ရှေးနှစ်ပေါင်းများစွာကပင် သုံးစွဲခဲ့ကြပြီး ယခုတိုင်လည်း သုံးစွဲနေကြဆဲဖြစ်သည့် ဆေးဖက်ဝင် အရွက်တစ်မျိုးဖြစ်သည်။ ကွမ်းကို ရိုးရာဓလေ့အရ တည်ခင်းဧည့်ခံရာတွင် သုံးစွဲကြသည်သာမက ကျန်းမာရေးအတွက် ဆေးဖက်ဝင်အရွက်အဖြစ်လည်း သုံးစွဲခဲ့ကြသည်။

ကွမ်းရွက်၏ အကျိုးအာနိသင်အစွမ်းကို မြန်မာကသာမက ကမ္ဘာကပါ သိရှိအသုံးပြုနေပြီဖြစ်သည်။ ကွမ်းပင်သည် နေရာဒေသမရွေး စိုက်ပျိုးနိုင်သော နွယ်ပင်မျိုးဖြစ်ပြီး လူမျိုးမရွေး နှစ်သက်စွာသုံးစွဲနေကြခြင်းကြောင့် စီးပွားရေးအရ အကျိုးများစွာဖြစ်ထွန်းသည့်အတွက် နေရာအနှံ့ စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသည်။

ကွမ်းပင်သည် ငရုတ်ကောင်းမျိုးရင်းတွင်ပါဝင်ပြီး မလေးဘာသာစကားဖြင့် ဗတ်တီလ(ထီးသဏ္ဌာန်အရွက်)ဟုခေါ်သည်။

ကွမ်းတွင်အမျိုးအစားပေါင်းများစွာရှိသော်လည်း အကြမ်းအားဖြင့် အနုစားကွမ်း၊ အလတ်စားကွမ်း၊ အကြမ်းစားကွမ်းနှင့် ကွမ်းရိုင်းဟူ၍ လေးမျိုးခွဲခြားထားသည်။ အချို့သောကွမ်းမှာ အနံ့မွှေး၍ ကွမ်းမွှေးဟုခေါ်ပြီး ကွမ်းစားရာတွင် အသုံးပြုသောကွမ်းသည် ကွမ်းယဉ်၊ ကွမ်းနု၊ ကွမ်းဝါမျိုးဖြစ်သည်။ တောတောင်လျှိုမြောင်များတွင် နှစ်ရှည်လများပေါက်နေသောကွမ်းကို ကွမ်းရိုင်း၊ ကွမ်းကြမ်းဟုခေါ်သည်။ တောကွမ်းဟုလည်းခေါ်သည်။ ဆေးဖက်ပိုဝင်၏။ ကွမ်းရွက်သည် နှလုံးပုံသဏ္ဌာန်ရှိပြီး ကွမ်းရိုးသည် စိမ်း၍အဆစ်ကလေးများ ပါရှိသည်။ ကွမ်းကိုအညွန့်မှ ပြန်၍ စိုက်ပျိုးရသည်။

ကွမ်းရွက်တွင် ချိုချဉ်ခါးစပ်ဖန်ဟူသော အရသာငါးမျိုးပါရှိရာ စပ်ခါး ဖန်ပေ နိုင်လေသလိပ်ကျေစေသည် ဟူသော တိုင်းရင်းဆေးစကားအတိုင်း သလိပ်ကို လွန်စွာ နိုင်ပေသည်။

ကွမ်းရွက်တွင် စိဿဒ ဂုဏ်ရှိခြင်းကြောင့် လူ၏ခန္ဓာကိုယ်ကိုသန့်ရှင်းစေသည်။ တိက္ခနှင့်ဥဏှဂုဏ်ရှိခြင်းကြောင့် ခန္ဓာကိုယ်ကို ပေါ့ပါးစေ၍ နူတ်မြိန်စေသည်။ သရဂုဏ်ရှိခြင်းကြောင့် ခန္ဓာကိုယ်သန့်စွမ်းခြင်း၊ စိတ်ရွှင်လန်းခြင်း၊ သွေးသည်းခြေတို့ကို တိုးပွားစေပါသည်။

ကွမ်းရွက်သည် ဝမ်းမီးကိုတောက်စေ၏။ ဆီးဝမ်းကိုရှင်စေ၏။ ချွေးကိုထွက်စေ၏။ အဆိပ်ကိုပယ်၏။ နှလုံးကိုအကျိုးပြု၏။ လေသလိပ်ကိုနိုင်၏။ အနာပေါက်၊ ချောင်းဆိုး ပန်းနာ၊ နှလုံးရောဂါ၊ မျက်စိရောဂါတို့ကို ပျောက်ကင်းစေသည်ဟု ဆေးကျမ်းများတွင် ဖော်ပြပါရှိသည်။

ကွမ်းရွက်တွင် ရေငွေ့၊ ပရိုတိန်း၊ အဆီဓာတ်၊ သတ္တုဓာတ်၊ သံဓာတ်၊ ဗီတာမင်အေနှင့် ဗီတာမင်စီတို့ပါဝင်သည်။

ကလေးများတွင်ဖြစ်ပွားတတ်သော ချောင်းဆိုးရင်ကျပ်၊ အသက်ရှူကျပ်သော ရောဂါများဖြစ်ပေါ်လျှင် ကွမ်းရွက်ကို မီးကင်၍ဆီသုတ်ပြီး ရင်ဘတ်၊ ရင်ညွှန့်နှင့် ရင်ခေါင်းတွင် တင်ထားပေးလျှင်ပျောက်ကင်း၏။

အရိုးပါသော ကွမ်းရွက်သတ္တုရည်ကို နွားနို့နှင့်ရောတိုက်လျှင် စိတ်ဝေဒနာကို ပျောက်ကင်းစေသည်။ အပူကြီးငန်းဖမ်းသော ဝေဒနာဖြစ်ပွားလျှင် ကွမ်းရွက်ပြုတ်ရည်နှင့် ကျပ်ခိုးကိုဖျော်၍တိုက်ကျွေးခြင်းဖြင့် ပျောက်ကင်းစေသည်။

ဇက်ကြောတက်ခြင်း၊ မျက်ရိုးကိုက်ခြင်း၊ ဇက်ကြောနာခြင်းများဖြစ်ပေါ်လျှင် ကွမ်းရွက်နှင့်ဆားကိုရောခြေညှစ်၍ ရသောအရည်ကို မျက်စဉ်းခတ်ပေးခြင်းဖြင့် ပျောက်ကင်းစေသည်။

ကလေး၊ လူကြီးအညော်မိလျှင် ကွမ်းရွက်ကိုပွတ်ခြေရှုပေးခြင်း၊ သွေးတိုးရောဂါကြောင့် မူးဝေလျှင် ကွမ်းရွက်ကိုပွတ်ခြေရှုပေးခြင်းဖြင့် ပျောက်ကင်းစေသည်။

ရင်ဘတ်၌စူး၍အောင့်လျှင် ကွမ်းရွက်၏အကြောလွတ်သည့်ဘက်ကို ကပ်ပေးခြင်းဖြင့် ပျောက်ကင်းသက်သာစေသည်။

နားလေထွက်ခြင်း၊ နားအူခြင်း၊ နားနာခြင်းဖြစ်ပေါ်လျှင် ကွမ်းရွက်ကိုခြေ၍ နားနှစ်ဖက်တွင်ထည့်ပေးခြင်းဖြင့် ပျောက်ကင်းစေသည်။

ကွမ်းရွက်ကိုမီးကင်၍ မျက်စိတွင် နေ့စဉ်မှန်မှန်ကပ်ပေးလျှင် မျက်စိမှုန်ခြင်း၊ တိမ်ဖြစ်ခြင်းမှပျောက်ကင်းပါသည်။

ကွမ်းရွက်နုကိုအလယ်မှအပေါက်ဖောက်၍ မျက်စိနှစ်ဖက်တွင်ကပ်ပေးလျှင် မျက်စိမှုန်ခြင်း၊ မျက်ရည်ပူကျခြင်း စသောမျက်စိနှင့်ပတ်သက်သည့် ရောဂါများ ပျောက်ကင်းစေပါသည်။

ကွမ်းရွက်နှင့်ပတ်သက်၍ ကုသပျောက်ကင်းသောရောဂါများ၊ ကွမ်းရွက်၏ အကျိုးအာနိသင်စွမ်းအားများကို ဆေးကျမ်းများတွင်ဖော်ပြထားသည်။ ကွမ်းရွက်သည် မြန်မာ့တိုင်းရင်းဆေးတွင်ပါဝင်သည့် အဓိကဆေးစွမ်းတစ်လက်ဖြစ်သည်။ ကွမ်းကိုအသုံးပြု၍ တိုင်းရင်းဆေးမျိုးစုံတွင်သုံးစွဲနိုင်သည်။

ကွမ်းကိုစားသုံးခြင်းသာမက ကျန်းမာရေးဆေးဝါးများအဖြစ်ပါ အသုံးဝင်၍ မြန်မာနိုင်ငံသာမက အခြားသောကမ္ဘာ့နိုင်ငံများတွင်လည်း အကြီးအကျယ် စိုက်ပျိုးလျက်ရှိသည်။

မြန်မာ့အလင်း မှု ခင်း သ တင်း ၂၉-၅-၂၀၁၂

နှစ်လုံးထီလောင်းကစားသူ ဖမ်းဆီးအရေးယူ

မေ ၁၆ ရက်က တောင်ငူမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ်အောင်လှိုင်ဝင်း၊ တောင်ငူ အမှတ်(၃)ရဲစခန်းမှ ဒုရဲအုပ်သက်နိုင်ဝင်းနှင့်အဖွဲ့သည် ဆတ်ဖူးတောင် ကျေးရွာအုပ်စု သပြေလှရွာနေ ဦးအေးလွင် အသက် ၄၉ နှစ် (ဘ) ဦးလှထွန်း၏ နေအိမ်သို့ သတင်းအရ ဝင်ရောက်ရှာဖွေရာ ချဲထီ၊ နှစ်လုံးထီလောင်းကစားရာတွင် အသုံးပြုသော စာရွက်စာတမ်းများ၊ လောင်းကစားကိရိယာများ၊ လောင်းကြေးငွေကျပ် ၁၃၄၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းပစ္စည်းများမှာ ဦးအေးလွင်၏ နေအိမ်တွင် နေထိုင်သော ရဲထက်နိုင် အသက် ၂၄ နှစ် (ဘ) ဦးသိန်းဆောင်၏ ပစ္စည်းများဖြစ်ကြောင်း သိရှိရ၍ ချဲထီ၊ နှစ်လုံးထီလောင်းကစားပြုလုပ်သူ ရဲထက်နိုင်နှင့် အိမ်ရှင် ဦးအေးလွင်တို့အား အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။

မောင်ဆွေ (တောင်ငူ)

ဖဲကစားသည့်အမျိုးသမီးများ ဖမ်းဆီးအရေးယူခံရ

မေ ၂၂ ရက် ည ၈ နာရီခွဲ အချိန်တွင် ဘိုကလေးမြို့နယ် ကဒုံကနိရဲစခန်းမှ သတင်းအရ ကဒုံကနိ အမှတ် ၁ ရပ်ကွက်နေ ဒေါ်ဒန်းရှင်၏ နေအိမ်၌ ဖဲလောင်းကစားပြုလုပ်နေကြောင်းသတင်းအရ ဒုရဲအုပ်သက်အောင်ဆွေနှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် သက်သေလူကြီးများနှင့်အတူ အဆိုပါအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဖဲရိုက်လောင်းကစားပြုလုပ်နေကြသော မအေးမြင့်ကြည် ၃၀ နှစ် (ဘ-ဦးအေးမောင်)၊ မမြင့်မြင့်ကြည် ၃၂ နှစ် (ဘ-ဦးအေးမောင်)၊ ဒေါ်သန်းသန်းအေး ၄၉ နှစ် (ဘ-ဦးထွန်းရင်)၊ ဒေါ်အုန်းရီ-၅၀နှစ်(ဘ-ဦးလှ)တို့အား လောင်းကစားငွေကျပ် ၅၈၀၀နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။ (၀၇၇)

ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံး ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို မေ ၂၆ ရက်က သန်လျင်မြို့ရှိ သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်ထွန်း ကျောင်းသားတစ်ဦးအား ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်စဉ်။ (၀၄၉)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

အမေရိကန်အထက်လွှတ်တော်အမတ် ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်အထက်လွှတ်တော်အမတ် Hon. Susan M. Collins ဦးဆောင်သောအဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲတိုးတက်မှု အခြေအနေများ၊ လွှတ်တော်များက ဖော်ဆောင်လျက်ရှိသည့် လုပ်ငန်းများ၊ မြန်မာ-အမေရိကန် လွှတ်တော်နှစ်ရပ်အကြား ချစ်ကြည်ရေးတိုးမြှင့်ဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း အမေရိကန်အထက်လွှတ်တော်အမတ် Hon. Susan M. Collins ဦးဆောင်သောအဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုကို စည်းရုံးဆောင်ရွက်ရာတွင် မိမိပါတီအကျိုးထက် နိုင်ငံတော်အကျိုးရှိရာရှိကြောင်းကို ဘက်ပေါင်းစုံမှ ထည့်သွင်းစဉ်းစားသုံးသပ်

လတ်တလောဖြစ်ပေါ်နေသည့် ဆန္ဒပြ အငြင်းပွားမှုများ ပြေလည်မှုရရှိအောင် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်

နေပြည်တော် မေ ၂၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမဆောင်၌ နိုင်ငံရေးပါတီအချို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို ဖိတ်ကြား၍ နိုင်ငံတော်တွင် လတ်တလောဖြစ်ပေါ်နေသည့် လျှပ်စစ်မီးပြတ်တောက်မှုကြောင့် ဆန္ဒပြမှုများ၊ အလုပ်ရှင်/အလုပ်သမား အငြင်းပွား၍ ဆန္ဒပြမှုများအတွက် နိုင်ငံရေးပါတီများကို ပကတိအခြေအနေမှန်များ သိရှိစေရန်နှင့် ဥပဒေနှင့်အညီ ပူးပေါင်းညှိနှိုင်း ဖြေရှင်းပေးကြရန်အတွက် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံမှာကြား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး နိုင်ငံရေးပါတီအချို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အလုပ်သမားဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်၌ လက်ရှိဖြစ်ပေါ်နေသော လျှပ်စစ်မီးဆိုင်ရာ ပြဿနာ၊ အလုပ်ရှင်/အလုပ်သမား အငြင်းပွားမှု ပြဿနာများတွင် နိုင်ငံရေးပါတီအချို့ ပါဝင်ပတ်သက်မှုများ ရှိနေကြောင်းသိရသည့်အတွက် အခြေအနေမှန်များကို ရှင်းပြချင်၍ ယခုကဲ့သို့ အစည်းအဝေးခေါ်ယူလိုက်ခြင်း ဖြစ်ပါကြောင်း။

နိုင်ငံရေးပါတီများ၏ ဖွဲ့စည်းပုံစည်းမျဉ်းနှင့် မူဝါဒသဘောထားများကို လေ့လာကြည့်လျှင် ပါတီတိုင်းလိုလိုက နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို သယ်ပိုးထမ်းဆောင်ကြရန် သန္နိဋ္ဌာန်ပြုထားခြင်းကို တွေ့ရပါကြောင်း။

နိုင်ငံရေးပါတီများအနေဖြင့် နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို သယ်ပိုးကြသည့်နေရာတွင် နိုင်ငံတော်၏ ပကတိဖြစ်တည်မှု အခြေအနေမှန်များကို သိရှိပြီး၊ ဖြစ်သင့်သည်နှင့် ဖြစ်နိုင်သည်များကို ဦးစားပေးဆောင်ရွက်မှသာ လက်တွေ့တွင် အကျိုးထူးနိုင်မည်ဖြစ်ပါကြောင်း၊ ဖြစ်နိုင်သည်ထက် ဖြစ်ချင်သည်ကို ဦးစားပေး၍ မရသကဲ့သို့ ဖြစ်သင့်သည်များကို ဖြစ်နိုင်သမျှ ဦးစားပေးဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ယင်းသို့ ဆောင်ရွက်ရာတွင်လည်း မိမိတို့သည် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့် ဖွဲ့စည်းထားသော နိုင်ငံရေးအဖွဲ့အစည်းတစ်ရပ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်က ပြဋ္ဌာန်းထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကိုလည်း လေ့လာမှတ်သားလိုက်နာကြရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၀၄(ခ)တွင် နိုင်ငံရေးပါတီတစ်ရပ်သည် "နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရမည်" ဟုလည်းကောင်း၊ ပုဒ်မ ၄၀၅(ခ)တွင် "ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်"ဟုလည်းကောင်း ***စာမျက်နှာ ၉ ကော်လံ ၁*** ●

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ယာဉ်အို၊ ယာဉ်ဟောင်း အပ်နှံမှု လျော့နည်းလာ
"ပ-အက္ခရာများ လက်ခံပြီးစီးပါက မှတ်ပုံတင်သက်တမ်း အနှစ် ၂၀ ကျော် စာရင်းဝင်ကားများကို စိစစ်လက်ခံပေးသွားမည်" စာ-၃

တရုတ်၌ အမြင့်ဆုံးဖြစ်လာမည့် ရှန်ဟိုင်းမိုးပျံတာဝါ အမြင့် ၃၀၃ မီတာကျော်အထိ ရောက်ရှိလာ စာ-၄

ယူရို ၂၀၁၂ အတွက် စပိန်အသင်း ကစားသမား

စာရင်းထုတ်ပြန် ပထမဆုံးပွဲစဉ်အဖြစ် အီတလီနှင့်ယှဉ်ပြိုင်ရမည် စာ-၅

30-5 (20).pmd 1 5/30/2012, 1:10 AM